# ကြေးမုံ

## The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ သောကြာနေ့။ Friday, 8 September 2023 ၁၁၂၁၂


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သစ်ပင်များကို စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း အလေ့အထများသည် လူသားဆန်ပြီး ဖြူစင်မွန်မြတ်သည့် အလုပ်မျိုးဖြစ်သည့်အတွက် အလေးအနက်ထား လုပ်ဆောင်

## သစ်ပင်စိုက်ပျိုးခြင်းသည် ပစ္စုပ္ပန်တွင်သာအကျိုးဖြစ်စေရုံသာမက သံသရာအတွက် အထောက်အပံ့ကောင်းတစ်ရပ်လည်းဖြစ်သည်ကို ခံယူဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၇

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

**ဦးဆောင်စိုက်ပျိုးပေး**

ယနေ့တွင် ၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

☆ **သယံဇာတဟူသည်မှာ သဘာဝအလျောက်ပြန်လည်ပြည့်ဖြိုးနိုင်သည်ရှိသကဲ့သို့ ပြန်လည်ဖြည့်တင်း၍ မရသည့် သယံဇာတများလည်းရှိ**

☆ **သစ်ပင်သစ်တောဟူသည်မှာ သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးစေနိုင်သည့် စွမ်းပကားများရှိသကဲ့သို့ လူသားများ၏ လုပ်ဆောင်ဖန်တီးမှုများဖြင့်လည်း ပြန်လည်ဖြည့်တင်းပေးနိုင်သည့်အရာဖြစ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

**ယနေ့**

**ရှင်လန်းဝမ်းမြောက် သဒ္ဒါပေါက်ရမယ့်အလှူ .....**

ဆောင်းပါး စာမျက်နှာ » ၆

**ဖတ်စရာ**

**၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ**

စာမျက်နှာ » ၉

**စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်စွမ်းအားမြင့်မားရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အထူးအလေးပေးဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၈

ကြေးမုံ

# အမျိုးသားရေးတာဝန်ဖြင့် ဂေဟစနစ်ထိန်းသိမ်း

မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာတစ်ဝန်း၌ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို နိုင်ငံအများကြုံတွေ့နေကြသည်။ လက်ရှိတွင် မိုးသည်းထန်မှု၊ မုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးရေလျှံမှုများ ကြုံတွေ့ခဲ့ရပြီး မိုးလေဝသခန့်မှန်းချက်အရ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှ ၂၀၂၄ ခုနှစ် မတ်လအတွင်း အယ်လ်နီညိုဖြစ်စဉ်များ ကြုံတွေ့ရမည်ဟု အသိပေးထားသည်။ အယ်လ်နီညိုဖြစ်စဉ်အရ မိုးခေါင်ခြင်း၊ အပူပြင်းခြင်းများ ဖြစ်ပေါ်နိုင်သည့်အတွက် အပူဒဏ်ခံနိုင်ရေး၊ ရေရှားပါးမှုမဖြစ်ပေါ်ရေး ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အရ ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ လျော့ပါးသက်သာစေရန်အတွက် အရေးကြီးသောအချက်မှာ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးနိုင်သည့် သစ်တောသစ်ပင်များ တိုးချဲ့ပျိုးထောင်စိုက်ပျိုးရေးကို အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ "ဥတုရာသီ တောကိုမှီ" ဆိုသည့်အတိုင်း သစ်ပင်သစ်တောများသည် သက်ရှိများ ကောင်းစွာရှင်သန်နေထိုင်နိုင်ရန်သာမက ကမ္ဘာကြီးတွင် သက်ရှိလူသားများနှင့် သတ္တဝါအများ သာယာဝပြောစွာနေထိုင်ရပ်တည်နိုင်ရေးတို့ကို များစွာပံ့ပိုးကူညီအကျိုးပြုသည်။

သစ်တောသစ်ပင်များသည် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းပေးပြီး ဂေဟစနစ်ကိုလည်း အရှည်တည်တံ့စေသည်။ ထို့အပြင် ရာသီဥတုကို မျှတကောင်းမွန်စေပြီး မြေနှင့် ရေကို ထိန်းသိမ်းပေးသဖြင့် ရေကြီးရေလျှံဖြစ်ခြင်း၊ မြေပြိုခြင်းနှင့် မုန်တိုင်းတိုက်ခတ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များကို လျော့ပါးသက်သာစေရန် ကာကွယ်ပေးသည်။ ထိုမျှမက စားရေရိက္ခာ၊ ဆေးဝါးနှင့် သစ်တောထွက်ပစ္စည်းများကိုလည်း ထောက်ပံ့ပေးသည်။ သစ်တောများသည် လုပ်ငန်းကဏ္ဍအသီးသီးနှင့် ဆက်စပ်နေပြီး စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမဏ္ဍိုင်သုံးခုကို ဟန်ချက်ညီညီထိန်းညှိပေးပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိသည်။

သစ်ပင်စိုက်ပျိုးခြင်းသည် အကျိုးကျေးဇူးအမျိုးမျိုးကို ရရှိခံစားနိုင်ပြီး သစ်တောများမှ အထောက်အပံ့ပြုသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများမှာ သက်ရှိလောကအတွက် အလွန်အရေးပါသည်။ "သစ်ပင်စိုက်မှ အရိပ်ရ၊ ရိပ်ခိုနားနေ အပန်းပြေ၏"ဆိုသကဲ့သို့ ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင်များတွင် စိမ်းလန်းစိုပြည်ပြီး အရိပ်အာဝါသရရှိစေရန် သစ်ပင်များရှင်သန်အောင် စိုက်ပျိုးထိန်းသိမ်းရန်လိုအပ်သည်။ သစ်ပင်များကို မြန်မာတစ်နိုင်ငံလုံး အရှိန်အဟုန်ဖြင့် စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပျိုးပင်ပေါင်း ၂၄ ဒသမ ၆၂၉ သန်း စိုက်ပျိုးတည်ထောင်လျက်ရှိသည်။

စိမ်းလန်းစိုပြည်ပြီး အရိပ်အာဝါသရရှိစေရန် မြန်မာနိုင်ငံအတွင်း ဖောက်လုပ်ထားသော အဓိကလမ်းမကြီးများဖြစ်သည့် အာဆီယံလမ်းမကြီးများ၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် ရထားလမ်းတစ်လျှောက် စိမ်းလန်းစိုပြည်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများပူးပေါင်းပြီး စိုက်ပျိုးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကျေးလက်ပြည်သူများ အများဆုံးဖြစ်သဖြင့် ကျေးရွာထင်းစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ရန်၊ နိုင်ငံတစ်ဝန်းရှိ ကျေးရွာများတွင် ဒေသအလိုက် သင့်တော်သည့် အရိပ်ရပင်များ၊ လေကာပင်များ စဉ်ဆက်မပြတ်စိုက်ပျိုးရန်၊ တောင်ထိပ်၊ တောင်ကုန်း၊ တောင်တန်းများတွင် သစ်တောသစ်ပင်များ ထိန်းသိမ်းစိုက်ပျိုးရန်၊ မြစ်ချောင်းတစ်လျှောက်တွင် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းရန်၊ ကမ်းရိုးတန်းများတွင် ဒီရေတောအပင်များ စိုက်ပျိုးတည်ထောင်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည်။

"နေပြည်တော်ကောင်စီနယ်မြေအပါအဝင် နိုင်ငံတစ်ဝန်း မြို့ပြနှင့် ရပ်ရွာ၊ ကျေးလက်ဒေသအသီးသီးတွင် စိမ်းလန်းစိုပြည်သာယာစေရေးအတွက် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သဘာဝမြေယာရှုခင်းများဖြစ်အောင် စဉ်ဆက်မပြတ်တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထားဆောင်ရွက်ပေးကြရန်၊ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုလျော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတို့အတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံက ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန်" နိုင်ငံတော်အကြီးအကဲက ၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့သည်။

သို့ဖြစ်ရာ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု လျော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတို့အတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ထန်းတပင်မြို့နယ်၌ တောင်သူအသိပညာပေးဆွေးနွေး

ထန်းတပင် စက်တင်ဘာ ၇



ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ရေဖြူကျေးရွာအုပ်စု ယင်းတင်ကျေးရွာတွင် တောင်သူပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တောင်သူပညာပေးဆွေးနွေးပွဲတွင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစောဝင်းကိုက တောင်သူပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင် မြေအသုံးချရေးတာဝန်ခံက စပါးစိုက်မြေများတွင် တွေ့ရှိရသော အာဟာရဓာတ်များ၏ လုပ်ဆောင်မှု၊ ချို့တဲ့မှုကုစားနည်းများ၊ ခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံက ရေကျနောက်စိုက်ခင်းများတွင် ကျရောက်တတ်သော ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများနှင့် ခရိုင် မျိုးစေ့တာဝန်ခံက ခေါင်နှံဖြင့် မျိုးသန့်ပွားများရေးဆောင်ရွက်ရန် အကြောင်းအရာများကို တက်ရောက်လာကြသည့် တောင်သူများကို အသိပညာပေးဟောပြောကာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ မြေသြဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့အရောင်းဆိုင်များတွင် သက်တမ်းလွန်သည့် ပိုးသတ်ဆေးများနှင့် မှတ်ပုံမတင်ရသေးသည့် မြေသြဇာများ၊ ပိုးသတ်ဆေးများ ရောင်းချခြင်းမရှိစေရန် မြေသြဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့အရောင်းဆိုင်များအား မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇-၉-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၅၅၃ | ၄,၉၇၇,၀၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၅၀ | ၁,၅၂၈ | ၄,၇၃၈,၁၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၂၆၀ | ၂,၀၅၄,၀၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၈၀ | ၁၃၆,၀၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၂၀၀ | ၄၈၀,၀၀၀ |
| EFR | ၂,၂၅၀ | ၂,၂၅၀ | ၉၆၉ | ၂,၁၄၄,၈၀၀ |
| AMATA | ၄,၈၀၀ | ၄,၉၀၀ | ၁၈၀ | ၈၆၄,၅၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၀၀ | ၁,၁၁၄ | ၂,၀၀၅,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၃ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။

❖ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**သစ်ပင်သစ်တောများကို စနစ်တကျ ပြန်လည်စိုက်ပျိုးထိန်းသိမ်းမှသာလျှင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းခြင်းကို ဟန်ချက်ညီ ဆောင်ရွက်သွားနိုင်မည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ သစ်ပင်စိုက်ပွဲတွင် အားလုံးပျော်ရွှင်တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းကို ဦးစွာပြောကြားလိုကြောင်း၊ ယခုအခါ သစ်ပင်သစ်တောများ ပြုန်းတီးမှုကြောင့် ကမ္ဘာကြီးသည် တဖြည်းဖြည်း ပိုမိုပူနွေးလာသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ကမ္ဘာကြီးပူနွေးလာသည့်အတွက် မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ မြေပြိုခြင်း၊ ငလျင်လှုပ်ခြင်း စသည့် သဘာဝဘေးများကို မိမိတို့လူသားများအနေဖြင့် ရင်ဆိုင်တွေ့ကြုံခံစားနေကြရသည်ကို တွေ့မြင်ကြမည်ဖြစ်ကြောင်း၊ ထို့အပြင် အခြားသော သက်ရှိများဖြစ်သည့် တောတွင်းတိရစ္ဆာန်များသည်လည်း တဖြည်းဖြည်း မျိုးသုဉ်းလျော့ပါးလာကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယင်းသည် သက်ရှိများနှင့် သဘာဝတရား၏ ဂေဟစနစ်များ တစ်စတစ်စ ကွာဟလာသည့် ဆိုးရွားမှုများ၏အကျိုးဆက်များပင် ဖြစ်ကြောင်း။

သစ်တောသစ်ပင်များသည် သဘာဝပတ်ဝန်းကျင်၊ သက်ရှိများ၏ ဂေဟစနစ်နှင့် လူနေမှုစနစ်တို့အပေါ်တွင် များစွာအကျိုးသက်ရောက်မှုရှိကြောင်း၊ သစ်တောသစ်ပင်များကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ခေတ်အဆက်ဆက်အသုံးပြုခဲ့ကြသကဲ့သို့ ပြန်လည်စိုက်ပျိုးကြရန်လည်း လိုအပ်ကြောင်း၊ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သလောက်သာ ထုတ်ယူသုံးစွဲခြင်း၊ ပြန်လည်စိုက်ပျိုးမှုများကို ပြုလုပ်ခြင်းဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်ထိန်းသိမ်းခြင်းတို့ကို ဟန်ချက်ညီ ဆောင်ရွက်သွားနိုင်မည်** ဖြစ်ကြောင်း၊ **စနစ်တကျထုတ်ယူသုံးစွဲမှုမရှိဘဲ အလွန်အကျွံထုတ်ယူသုံးစွဲခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုများကို ကြုံတွေ့ရခြင်းဖြစ်ပြီး ယခင်နေပြည်တော်ဒေသ၏ ရာသီဥတုသည် ၂၀၀၆ ခုနှစ်တွင် ပျမ်းမျှအပူချိန် ၂၆ ဒသမ ၉၇ ဒီဂရီစင်တီဂရိတ်ခန့်သာ ရှိခဲ့ရာ ယခုအချိန်တွင် ပျမ်းမျှ အပူချိန် ၂၈ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ တိုးမြင့်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊** ထို့ကြောင့်လည်း တပ်မတော်အနေနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူထုအသွင် သစ်ပင်စိုက်ပျိုးမှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

ကမ္ဘာကြီး ပူနွေးလာသည်နှင့်အမျှ မြေအောက်ရေ ခန်းခြောက်ခြင်း၊ မြစ်များ ကျဉ်းမြောင်းတိမ်ကောခြင်း၊ ချောင်း၊ မြောင်းများ ခန်းခြောက်ခြင်းများ ဖြစ်လာပြီး သက်ရှိအားလုံး အသက်ရှင်ရပ်တည်နိုင်ရေး ရေအခက်အခဲများ ရှိလာသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု လျှော့ချရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတို့အတွက် စနစ်တကျဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲများ ပြုလုပ်ခြင်းသည် လူသားဆန်ပြီး အင်မတန်မွန်မြတ်သည့် လုပ်ဆောင်ချက်ဖြစ်သောကြောင့် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ပထဝီအနေအထားကို ကြည့်မည်ဆိုပါက သက်ရှိလူသား တစ်ယောက်အတွက် ပကတိအားဖြင့် ပြီးပြည့်စုံသည့် လိုတရပဒေသာပင်ပေါက်ရာ ရပ်ဝန်းတစ်ခုဟု ဆိုနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ တည်ရှိနေပုံကိုကြည့်ပါက နိုင်ငံ၏ အနောက်ဘက်၊ မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင် မြင့်မားသည့် တောင်တန်းကြီးများရှိသကဲ့သို့ ယင်းတောင်တန်းများအပေါ်တွင် သစ်တောသစ်ပင်များ များစွာပေါက်ရောက်နေရာယူထားကြကြောင်း၊ ထို့အပြင် အနောက်ရိုးမတောင်တန်းကြီးနှင့် အရှေ့ရိုးမတို့ကြားတွင် ချင်းတွင်း၊ ဧရာဝတီ၊ စစ်တောင်းမြစ်တို့နှင့် ယှဉ်ပြီး ပုံတောင်ပုံညာရိုး၊ အလယ်ရိုးမ (မင်းဝံတောင်ရိုး)နှင့် ရှမ်းကုန်းပြင်မြင့်တို့ရှိပြီး ယင်းတောင်ရိုး တောင်တန်းများတွင်လည်း သစ်တောကြီးများဖြင့် ဖုံးအုပ်လျက်ရှိကြောင်း၊ အဆိုပါသစ်တောများကို စနစ်တကျအသုံးပြုနိုင်မှသာ အကျိုးရှိနိုင်မည်ဖြစ်ကြောင်း။

**သစ်တော၊ သစ်ပင် ထိန်းသိမ်းရေးနှင့် မိမိတို့ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အမျိုးသားရေးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ကြရန်လို**

သစ်တောထူထပ်ပြီး အဖိုးတန်သစ်တောများရှိသည့် မိမိတို့နိုင်ငံကို နယ်ချဲ့များက မတရားကျူးကျော်မှုများ ပြုလုပ်ခဲ့ကြပြီး အတိုင်းအဆမရှိသစ်တောများ ခုတ်လှဲယူခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင်လည်း နိုင်ငံဝင်ငွေရရှိရေးအတွက် သစ်များထုတ်ယူရောင်းချခဲ့သဖြင့် သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းသည် ၄၂ ရာခိုင်နှုန်းခန့်အထိ ကျဆင်းလာခဲ့သည်ကို တွေ့ရှိရကြောင်း၊ **သယံဇာတ ဟူသည်မှာ သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးနိုင်သည်ရှိသကဲ့သို့ ပြန်လည်ဖြည့်တင်း၍ မရသည့် သယံဇာတများလည်းရှိကြောင်း၊ သစ်ပင်သစ်တော ဟူသည်မှာ သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးစေနိုင်သည့် စွမ်းပကားများရှိသကဲ့သို့ လူသားများ၏ လုပ်ဆောင်ဖန်တီးမှုများဖြင့်လည်း ပြန်လည်ဖြည့်တင်းပေးနိုင်သည့်အရာဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် သစ်တောသစ်ပင်များ ပြန်လည်ထူထောင် ဖြည့်တင်းခြင်းများကို မှန်မှန်ကန်ကန်ဆောင်ရွက်မှုမရှိပါက သဘာဝတရား၏ ရိုက်ခတ်မှုဒဏ်ကို ခံကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် **သစ်တောများနှင့်နီးကပ်နေသည့် ကျေးလက်ဒေသများတွင် သစ်ပင်သစ်တောများကို ထိန်းသိမ်းကြရေးနှင့် မြို့ပြများတွင် နေထိုင်ကြသူများအနေဖြင့်လည်း မိမိပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု ရရှိစေရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် လွှမ်းခြုံဆောင်ရွက်သင့်သည်ကို** ပြောကြားလိုကြောင်း။

တပ်မတော်အနေဖြင့် တပ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများတွင် ရာသီသီးနှံများကို စိုက်ပျိုးသကဲ့သို့ နှစ်ရှည်စားသုံးပင်များနှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပြီး စားရေးအတွက် အထောက်အကူဖြစ်သကဲ့သို့ ရရှိလာသည့် အရိပ်အာဝါသများကြောင့် အကျိုးခံစားရမှုများလည်း ရှိကြောင်း၊ **“သစ်တစ်ပင် ကောင်းလျှင် ငှက်တစ်သောင်းနားနိုင်သည်”ဟူသည့် စကားအတိုင်း ကုသိုလ်လည်း ရရှိမည်ဖြစ်ပြီး**

စာမျက်နှာ ၄ သို့ ❖

❖ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သလောက်သာ ထုတ်ယူသုံးစွဲခြင်း၊ ပြန်လည်စိုက်ပျိုးမှုများကို ပြုလုပ်ခြင်းဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ် ထိန်းသိမ်းခြင်းတို့ကို ဟန်ချက်ညီ ဆောင်ရွက်သွားနိုင်မည်**

❖ **စနစ်တကျထုတ်ယူသုံးစွဲမှုမရှိဘဲ အလွန်အကျွံထုတ်ယူသုံးစွဲခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုများကို ကြုံတွေ့ရခြင်းဖြစ်ပြီး ယခင်နေပြည်တော်ဒေသ၏ ရာသီဥတုသည် ၂၀၀၆ ခုနှစ်တွင် ပျမ်းမျှအပူချိန် ၂၆ ဒသမ ၉၇ ဒီဂရီစင်တီဂရိတ်ခန့်သာရှိခဲ့ရာ ယခုအချိန်တွင် ပျမ်းမျှအပူချိန် ၂၈ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ တိုးမြင့်လာသည်ကို တွေ့ရှိရမည်**

❖ စာမျက်နှာ ၃ မှ
**မိမိပတ်ဝန်းကျင်အတွက်လည်း အကောင်းဆုံး အကျိုးသက်ရောက်မှုများ ဖြစ်လာနိုင်မည်ကို တွက်ဆဆောင်ရွက်ကြရန်** လိုကြောင်း၊ ထို့ကြောင့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးနိုင်ရေး၊ မိမိတို့ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို အတတ်နိုင်ဆုံး ပါဝင်ကုသိုလ်ယူဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနေဖြင့် ၂၀၁၁ ခုနှစ်မှစပြီး သစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိရာ ၂၀၂၃ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်ပေါင်း ၁၉၀၄၇၃ ပင် စိုက်ပျိုးနိုင်ခဲ့ပြီး ရှင်သန်မှုအနေဖြင့် ၁၀၉၈၈၅ ပင်ရှင်သန်ဖြစ်ထွန်းခဲ့သည်ကို တွေ့ရှိရသည့်အတွက် ၅၅ ရာခိုင်နှုန်းခန့်သာ ရှင်သန်ဖြစ်ထွန်းသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် **သစ်ပင်စိုက်ပျိုးပွဲများကို အချိန်နှင့် လူအင်အား အသုံးပြု၍ ဆောင်ရွက်ရသည့်နည်းတူ အကျိုးရှိရှိ အောင်မြင်ဖြစ်ထွန်းမှုရှိစေရေး စိုက်ပျိုးကြသည့်သူများက ရှင်သန်မှုရှိအောင် စိုက်ပျိုးကြရန်လိုသကဲ့သို့ ထိန်းသိမ်းရန် တာဝန်ရှိသူများအနေဖြင့်လည်း ရာနှုန်းပြည့် ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း**၊ ယနေ့ပြုလုပ်သည့် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ မန်ကျည်းနှင့် ပိတောက်ပင် စုစုပေါင်း ၃၅၂၈ ပင်ကို ထပ်မံစိုက်ပျိုးသွားမည်ဖြစ်ပြီး အားလုံး ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြရန် မှာကြားလိုကြောင်း။

မိမိတို့အနေဖြင့် ယနေ့ကမ္ဘာကြီး ပူနွေးလာခြင်းကို ပြန်လည်ကုစားရန်အတွက် လူသားတစ်ယောက်၏တာဝန်အဖြစ်ခံယူပြီး သစ်ပင်စိုက်ပျိုးကြရန်၊ **သစ်ပင်များကို စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း အလေ့အထများသည် လူသားဆန်ပြီး ဖြူစင်မွန်မြတ်သည့် အလုပ်မျိုးဖြစ်သည့်အတွက် အလေးအနက်ထား လုပ်ဆောင်သွားကြရန်၊ စတင်စိုက်ပျိုးပြီးချိန်မှစ၍ အောင်မြင်ဖြစ်ထွန်းသည့်အချိန်အထိ ထိန်းသိမ်းပြုစုခြင်း လုပ်ငန်းစဉ်များကို ရာသီအလိုက်၊ အပင်သက်တမ်းအလိုက် မပျက်မကွက်ဆောင်ရွက်သည့် စနစ်တစ်ရပ်အဖြစ် လုပ်ဆောင်သွားကြရန်**၊ သစ်ပင်စိုက်ပျိုးခြင်းသည် ပစ္စုပ္ပန်တွင်သာ အကျိုးဖြစ်စေရုံသာမက သံသရာအတွက် အထောက်အပံ့ကောင်းတစ်ရပ်လည်း ဖြစ်သည်ကို ခံယူဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး အခမ်းအနားတက်ရောက်လာကြသည့် အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

### ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် စတုတ္ထအကြိမ်သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၄၀၁၁ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ စတုတ္ထအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၁၇၆၄ ပင်၊ မန်ကျည်းရှား ၈၈၂ ပင်၊ ပိတောက် ၈၈၂ ပင် စုစုပေါင်း ၃၅၂၈ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် စတုတ္ထအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် (၃၉) ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၄၀၁၁ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

### တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၇၅၆၇၄ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ အပင်၇၃၈၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၅၂၅၅ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၁၃၅ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၅၂၅ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၃၆၁၈ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၄၆၁၃ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၅၄၄၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၃၅၂၉ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၉၀၈၃ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ အပင် ၁၃၂၃၀၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၀၉၆၄ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၉၁၁၂ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၀၇ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၁၀၀၅၀ တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၇၅၆၇၄ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၃ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လူထု၊ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၊ လူငယ်သီတင်းပတ် ဗလငါးတန်ဖွံ့ဖြိုးရေးအစီအစဉ် မိတ်ဆုံစားပွဲသို့ တက်ရောက်

မြစ်ကြီးနား စက်တင်ဘာ ၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ်ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပသည့် လူထုတွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ရေးဆွဲချမှတ်ပြီး နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ပြည်တွင်းထုတ်ကုန်များ တိုးတက်မြင့်မားရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေး၊ တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ မိမိတို့ပြည်သူတစ်ရပ်လုံးက အတူတကွ ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ကြရန် လိုပါကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ အရပ်ဘက်လူမှုကူညီရေးအသင်းအဖွဲ့များက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်ရှိသည့် မြေယာပိုင်ဆိုင်မှုဆိုင်ရာကိစ္စရပ်များ၊ ရပ်ကွက်/ကျေးရွာချင်းဆက် လမ်းများ ကောင်းမွန်ရေး၊ ရပ်ကွက်ဈေးများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ မနောကွင်းဧရိယာ သန့်ရှင်းသာယာလှပရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားစာပေသင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့် လိုအပ်ချက်များကို တင်ပြကြပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဒေသ၏ လိုအပ်ချက်များနှင့် ပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေး၊ ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းစီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဒေသခံပြည်သူများ၏ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် မြစ်ကြီးနားတက္ကသိုလ်၌ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ /ဌာနမှူးများ၊ ပါမောက္ခများ၊ နည်းပြဆရာ၊ ဆရာမများ၊ ပညာရေး ဝန်ထမ်းများနှင့် တွေ့ဆုံရာ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များနှင့် သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ် သန့်ရှင်းသာယာလှပရေး၊ ဥပမိရုပ်ကောင်းမွန်ရေးနှင့် သင်ကြားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ယနေ့ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က မြှင့်တင်ဆောင်ရွက်ပေးနေသကဲ့သို့ ဆရာ ဆရာမများအနေဖြင့်လည်း ပညာရည်ပြည့်ဝသော လူငယ်များဖြစ်လာစေရုံသာမက ၎င်းတို့၏ ဘဝတစ်လျှောက်လုံးတွင် အမှန်နှင့် အမှားကို ကျိုးကြောင်းမှန်ကန်စွာ စဉ်းစားဆင်ခြင်မှု အားကောင်းသည့် လူငယ်များဖြစ်လာစေရန် လေ့ကျင့်မွေးထုတ်ပေးသွားရမည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်သော၊ ပညာရည်ပြည့်ဝသော၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များစွာ ပေါ်ထွန်းလာရေးကို နိုင်ငံ့အနာဂတ်အတွက် မျှော်မှန်းချက်ထားပြီး အလေးထားတိုက်တွန်းလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခများ၊ ပါမောက္ခ/ဌာနမှူးများက တက္ကသိုလ်နှင့် ဘာသာရပ်ဆိုင်ရာအလိုက် လိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ညနေ ၅ နာရီခွဲတွင် မြစ်ကြီးနားတက္ကသိုလ် လူငယ်သီတင်းပတ်(Youth Fair Week) ဗလငါးတန်ဖွံ့ဖြိုးရေးလှုပ်ရှားမှုများ(လူငယ်နှင့် မိတ္တဗလ) အစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပပြုလုပ်သည့် မောင်နှမဆောင်များ မိတ်ဆုံစားပွဲ အခမ်းအနားသို့ တက်ရောက်၍ နှုတ်ခွန်းဆက်အမှာစကားပြောကြားကာ ဘာသာရပ်အလိုက် ကျောင်းသားကျောင်းသူများ၏ တိုင်းရင်းသားတေးသရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မိတ်ဆုံစားပွဲကို အတူတကွ သုံးဆောင် ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မူဘာရက်(ခ်) အမ် အေ အလက်ဝါနီအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကူဝိတ်နိုင်ငံသံအမတ်ကြီး မစ္စတာ မူဘာရက်(ခ်) အမ် အေ အလက်ဝါနီ အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-ကူဝိတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်နှင့် အလုပ်သမား အစရှိသောကဏ္ဍများ အပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား သဘောတူညီချက်များအား အကောင်အထည်ဖော်ဆောင်သွားရေးနှင့် လက်မှတ်ရေးထိုးရန်ရှိသည့် သဘောတူစာချုပ်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် အထူးသဖြင့် အာဆီယံ-အာရပ် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီနှင့် ကုလသမဂ္ဂ မူဘောင်အောက်မှ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

သတင်းစဉ်

# မှော်ဘီမြို့နယ်၌ ဒေသဖွံ့ဖြိုးရေး စစ်ကြောင်းကြီး ငါးကြောင်း ကွင်းဆင်းတွေ့ဆုံပွဲကျင်းပ

မှော်ဘီ စက်တင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ယမန်နေ့ နံနက် ၉ နာရီက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ ဦးဆောင်သော မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် မှော်ဘီမြို့နယ် ဖူးကြီးကျေးရွာ ဗိုလ်မိုးခန်းမ၌ မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးဝေမိုးအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)ဦးထင်ကျော်၊ မှော်ဘီခရိုင် ရဲတပ်ဖွဲ့မှူးရဲမှူးကြီး ငွေတင်တို့က အဖွင့်အမှာစကားပြောကြားပြီး မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးဝင်းစိုး၊ ကာကွယ်ရေးစစ်ကြောင်းမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးပြည့်စုံကျော်၊ ရဲမှူးမြင့်အောင်၊ လူမှုရေးစစ်ကြောင်းမှ ဒေါက်တာစောမြထွန်းနှင့် ဒေသဖွံ့ဖြိုးရေးစစ်ကြောင်းမှ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဂျူလိုင်တို့က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာသူ ကျေးရွာသားများ၏ ဒေသအတွင်း ဖွံ့ဖြိုးရေးတင်ပြချက်များကို ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

ဝင်းဇော်(မှော်ဘီ)

# ရှင်လန်းဝမ်းမြောက် သဒ္ဓါပေါက်ရမယ့်အလှူ .....

**မေ**



ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူ စကျင်ဗုဒ္ဓရုပ်ပွားတော် မာရဝိဇယဘုရားကြီးဆီ တစ်ခေါက်တစ်ခါ ဖူးမြော်ဖို့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပရိသတ်တွေ နေ့စဉ်နဲ့အမျှ စည်စည်ကားကား လာရောက်လျက်ရှိသလို ဗုဒ္ဓဥယျာဉ်တော်ကြီး စိမ်းလန်းစိုပြည်ရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုလည်း အရှိန်အဟုန်နဲ့ ဆက်လက်လုပ်ဆောင်လျက်ရှိတာကို တွေ့ခဲ့ရပါတယ်။

ဖူးမြော်ခွင့်ပြုတဲ့နေ့မှ ယနေ့အထိ စည်ကားများပြားလျက်ရှိနေဆဲကို မြင်တွေ့ရတဲ့အခါ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ရသလို ဗုဒ္ဓဝတ္ထုကံအတွင်းက ကြီးကျယ်ခမ်းနားမှုအစုစုအတွက်လည်း အကုန်အကျခံပြီး လှူဒါန်းပေးကြတဲ့ အလှူရှင်တွေအတွက် သာဓုအကြိမ်ကြိမ်ခေါ်ဆိုမိပါတယ်။ ယခုလို တန်ဖိုးကြီးမား ခမ်းနားသာယာတဲ့ ဗုဒ္ဓဥယျာဉ်တော်ကြီး မပျောက်မပျက် ရေရှည်တည်တံ့ခိုင်မြဲဖို့ဆိုတာ အလှူရှင်တွေရော၊ ပြည်သူတွေရော၊ အစိုးရရော အားလုံးမှာ တာဝန်ရှိတာပါ။

> **မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘုရားဖူးမြော်ခွင့်နဲ့ပတ်သက်ပြီး အမျိုးမျိုးသောအသံတွေကို လူမှုကွန်ရက်တွေမှာ မြင်တွေ့ရတဲ့အခါ ကိုယ်တိုင်မရောက်ဖူးသူတွေ၊ ရောက်ခွင့်မကြုံသေးသူတွေသာ ထင်ကြေးအမျိုးမျိုးနဲ့ ဝေဖန်နေပြီး ရောက်ဖူး၊ တွေ့ဖူး၊ ဖူးမြော်ဖူးသူတိုင်းကတော့ အလှူငွေသတ်မှတ်ချက်အတွက် စနောင့်စနင်းဖြစ်ပုံမရဘဲ ကြည်ညိုခွင့်ရဘိလေခြင်း၊ လေ့လာခွင့်ရှိဘိလေခြင်း၊ အလှူပါဝင်ခွင့် ကြုံဘိလေခြင်းလို့သာ နှလုံးသွင်းပြီး ကြည်ကြည်ဖြူဖြူ ပေးအပ်ကြတာကို ဝမ်းမြောက်ဖွယ်မြင်တွေ့ရပါတယ်**

## အောင်အောင်မြင်မြင်နဲ့ ကျင်းပ

ဘုရားကြီး တည်ထားကိုးကွယ်တဲ့နေရာကတော့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်မှာပါ။ ဧကပေါင်း ၂၅၅ ဧကရှိတဲ့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်မှာ ရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် ဗုဒ္ဓါဘိသိက် သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်တွေ ရွှေထီးတော်တင်လှူပူဇော်ခြင်းနဲ့ ရေစက်ချအောင်ပွဲ မင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားတွေကို ဩဂုတ်လ ၁ ရက်နေ့ ဒုတိယဝါဆိုလပြည့်နေ့မှာ အောင်အောင်မြင်မြင်နဲ့ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ရုပ်ပွားတော်မြတ်ကြီးကို ဆင်းတုတော် ဉာဏ်တော်အမြင့် ၆၃ ပေ၊ ပလ္လင်တော်အမြင့် ၁၈ ပေနဲ့ စုစုပေါင်း ဉာဏ်တော်အမြင့် ၈၁ ပေ တည်ထားတယ်လို့ မှတ်သားရပြီး ဆင်းတုတော်အလေးချိန် ၁၇၈၂ တန်နဲ့ ပလ္လင်တော်အလေးချိန် တန် ၃၅၁၀ ရှိပါတယ်။ ရေရှည်တည်တံ့စေဖို့အတွက် တန်ချိန် ၂၀၀၀၀ လောက်အထိ ခံနိုင်တဲ့အောက်ခံအမာ၊ တစ်နာရီ လေတိုက်နှုန်း မိုင် ၁၂၀ အထိ တိုက်ခတ်မှုဒဏ်ခံမှုနဲ့ မိမိတို့နိုင်ငံမှာ အမြင့်ဆုံးလှုပ်ခတ်နိုင်တဲ့ Earthquake Magnitude ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ဖို့အပြင် လျှပ်စီးမိုးကြိုးဒဏ် ခံနိုင်ဖို့အတွက်ပါ အင်ဂျင်နီယာ ရှုထောင့်အမျိုးမျိုးနဲ့ တွက်ချက်ထားပြီး ရတနာပုံခေတ်ဟန်ကို ခေတ်မီနည်းစနစ်နဲ့ ပေါင်းစပ်လို့ စစ်ဘက်၊ အရပ်ဘက် ပညာရှင်တွေ စုပေါင်းတည်ထားကြတာလို့ မှတ်သားရပါတယ်။

ဗုဒ္ဓဥယျာဉ်တော် အတွင်းမှာရှိတဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနဲ့ ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်တွေ၊ ဂန္ဓကုဋီတိုက်တွေ၊ သုဓမ္မာဇရပ်တွေ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီအဆူ ၇၂၀ စတဲ့ အခြံအရံကုသိုလ်တော်တွေကို ရဟန်းရှင်လူ အများပြည်သူတွေက ဩဂုတ်လ ၈ ရက်နေ့ကနေ စတင်ပြီး အခမဲ့ဝင်ရောက်ဖူးမြော်ခွင့် ရရှိခဲ့ပါတယ်။

ဖူးမြော်ခွင့်ပြုခဲ့တဲ့ ရက်ပိုင်းမှာတင် အနယ်နယ်အရပ်ရပ်က ဘုရားဖူးကားတွေ တိုးမပေါက်အောင် စည်ကားများပြား ခဲ့ပြီး ပိတ်ရက်တွေမှာဆိုရင် တစ်ရက်ကို လူဦးရေ ငါးသောင်းကနေ ရှစ်သောင်းကျော်အထိ လာရောက်ခဲ့ကြပါတယ်။ အများစုသော ဘုရားဖူးပရိသတ်တွေဟာ စကျင်ကျောက်သား ထိုင်တော်မူရုပ်ပွားတော်ကြီးကို ဖူးမြော်ရတဲ့အခါ၊ များပြားလှတဲ့ သာသနိကအဆောက်အအုံတွေ၊ စိမ်းလန်းစိုပြည်တဲ့ မြက်ခင်း၊ တသွင်သွင် ကျဆင်းနေတဲ့ ရေပန်းအလှ စတာတွေကို မြင်တွေ့ကြတဲ့အခါ အံ့ဩကြည်နူးမှုမြင်ကွင်းတွေကလည်း ဗုဒ္ဓဥယျာဉ်တော်ကြီးတစ်ခုလုံးမှာ မတွေ့ချင်မှအဆုံး သက်ဝင်လှုပတဲ့ ပန်းချီကားတစ်ချပ်အလား ထင်မြင်ရပါတယ်။

## အခမဲ့ဖူးမြော်ခွင့် ထပ်မံတိုးမြှင့်သတ်မှတ်

မူလက အခမဲ့ လာရောက်ဖူးမြော်ခွင့်ပြုပေးခဲ့တာကို ဩဂုတ်လ ၈ ရက်နေ့မှ ၁၆ ရက်နေ့အထိလို့ သတ်မှတ်ထားခဲ့ပေမယ့် များပြားလှတဲ့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာနဲ့ ဆက်လက်ဖူးမြော်နိုင်ကြဖို့အတွက် ဩဂုတ်လ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ ဒုတိယအကြိမ် အခမဲ့ဖူးမြော်ခွင့်ပြုခဲ့ပါတယ်။ အခမဲ့ဘုရားဖူးခွင့် ရက်တိုးသတ်မှတ်ပြီးတဲ့နောက်မှာလည်း ဘုရားဖူးတွေ လျော့နည်းကျဆင်းသွားတာမရှိဘဲ တိုး၍သာလာခဲ့တဲ့အတွက် စက်တင်ဘာလ ၃ ရက်နေ့အထိ အခမဲ့ဖူးမြော်ခွင့်ကို တတိယအကြိမ် ထပ်မံတိုးမြှင့်သတ်မှတ်ပေးခဲ့ပါတယ်။

စက်တင်ဘာလ ၄ ရက်နေ့ကနေ စတင်ပြီး လာရောက်ဖူးမြော်ကြသူတွေအနေနဲ့ ဝင်ကြေးအခမဲ့လာရောက်ဖူးမြော်နိုင်ကြမှာဖြစ်သလို မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးနဲ့ ဗုဒ္ဓဥယျာဉ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် လိုအပ်တဲ့ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ လုပ်ကိုင်ဖို့ ကုသိုလ်တော် အလှူငွေအမျိုးအစား အချို့ကို သတ်မှတ်ကောက်ခံခဲ့ပါတယ်။ ဥပမာအနေနဲ့ ကင်မရာပါတဲ့ ဖုန်းတစ်လုံးကို တစ်ထောင်ကျပ်၊ အပျော်ရိုက်ကင်မရာအတွက် ငွေကျပ် ၅၀၀၀၊ အလှဓာတ်ပုံနဲ့ လုပ်ငန်းသုံးရိုက်ကူးတာတွေကို ငွေကျပ် ငါးသောင်းနှုန်းအပြင် နာရီဝက် ပိုမိုရိုက်ကူးတိုင်း ၅၀၀၀ ကျပ်၊ ဥယျာဉ်တော်ယာဉ်ရပ်နားကွင်းအတွင်း ယာဉ်ငယ်တစ်စီး ၂၀၀၀ ကျပ် စသည်ဖြင့် သတ်မှတ်ထားတာကို မြင်တွေ့ရပါတယ်။ ဘုရားဖူးလာ ဆရာတော်၊ သံဃာတော်တွေ၊ သက်ကြီးရွယ်အိုနဲ့ မသန်စွမ်းသူတွေကတော့ ဥယျာဉ်တော်အတွင်း အခမဲ့ဘက်ဂီ စီးနင်းခွင့်ရမှာဖြစ်ပါတယ်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘုရားဖူးမြော်ခွင့်နဲ့ပတ်သက်ပြီး အမျိုးမျိုးသောအသံတွေကို လူမှုကွန်ရက်တွေမှာ မြင်တွေ့ရတဲ့အခါ ကိုယ်တိုင်မရောက်ဖူးသူတွေ၊ ရောက်ခွင့်မကြုံသေးသူတွေသာ ထင်ကြေးအမျိုးမျိုးနဲ့ ဝေဖန်နေပြီး ရောက်ဖူး၊ တွေ့ဖူး၊ ဖူးမြော်ဖူးသူတိုင်းကတော့ အလှူငွေသတ်မှတ်ချက်အတွက် စနောင့်စနင်းဖြစ်ပုံမရဘဲ ကြည်ညိုခွင့်ရဘိလေခြင်း၊ လေ့လာခွင့်ရှိဘိလေခြင်း၊ အလှူပါဝင်ခွင့် ကြုံဘိလေခြင်းလို့သာ နှလုံးသွင်းပြီး ကြည်ကြည်ဖြူဖြူ ပေးအပ်ကြတာကို ဝမ်းမြောက်ဖွယ် မြင်တွေ့ရပါတယ်။

## ရေရှည်အစီအမံတွေ ပြုလုပ်နိုင်ဖို့ အထူးလိုအပ်

ဧကပေါင်း ၂၅၅ ဧကဆိုတာ တော်ရုံကျယ်ဝန်းမှုမဟုတ်သလို အတွင်းမှာရှိတဲ့ ဘုရား၊ ကျောင်း၊ ကန်၊ ဗိမာန်၊ ဇရပ် အဆောင်ဆောင်နဲ့ ကျောက်စာချပ်တွေ၊ ပန်းမန်ဥယျာဉ်၊ ရေပန်း၊ လမ်း၊ တံတား စတာတွေဟာ အလှူရှင်တွေရဲ့ သဒ္ဓါတရားကြောင့် နေ့ချင်းညချင်း ရုပ်လုံးပေါ်လာရသလို တစ်သက်မှာတစ်ခါ အခမ်းနားဆုံးသော မဟာကောင်းမှုတော်ကို ပြုနိုင်သူတွေ ပြုခဲ့ကြခြင်းကြောင့်သာ မိမိတို့ ပြည်သူတွေကလည်း ယခုလို ဖူးမြော်ကြည်ညိုခွင့်၊ ဂုဏ်ယူဝင့်ကြွားခွင့် ရခဲ့ကြတာ ဖြစ်ပါတယ်။ မြန်မာတို့အတွက် ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ဖွယ် ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး စကျင်ထိုင်တော်မူရုပ်ပွားတော်မြတ်ကြီးနဲ့ အခြံအရံကုသိုလ်တွေ ကမ္ဘာတည်သရွေ့ တည်တံ့နေစေဖို့ ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းတွေဟာ အလွန်အရေးကြီးပြီး စနစ်တကျနဲ့ ရေရှည်ထိန်းသိမ်းနိုင်ဖို့ စီမံအုပ်ချုပ်မှုအဖွဲ့တွေ ဖွဲ့စည်းတာ၊ ထိန်းသိမ်းစောင့်ရှောက်သူတွေ ငှားရမ်းတာ၊ နေ့စဉ် ပြုပြင်ထိန်းသိမ်းမှုတွေ လုပ်ဆောင်တာတွေအတွက် ရေရှည်အစီအမံတွေ ထားရှိပြီး ပြုလုပ်နိုင်ဖို့ အထူးလိုအပ်ပါတယ်။

တစ်ဖက်မှာလည်း ပြည်သူတွေ စိတ်အေးချမ်းသာစွာနဲ့ ဖူးမြော်နိုင်စေဖို့ အခမဲ့ ဝင်ရောက်ဖူးမြော်ခွင့်ပြုပေးတာ၊ သံဃာတော်တွေ၊ သက်ကြီးရွယ်အိုတွေအတွက် အခမဲ့ ဘက်ဂီနဲ့ပို့ဆောင်ပေးတာ၊ ဥယျာဉ်တော်အတွင်း အခမဲ့အပန်းဖြေခွင့်ပေးတာ၊ မြန်မာမှုလက်ရာဗိသုကာတွေကို

စာမျက်နှာ ၇ သို့

> **တစ်ဖက်မှာလည်း ပြည်သူတွေ စိတ်အေးချမ်းသာစွာနဲ့ ဖူးမြော်နိုင်စေဖို့ အခမဲ့ဝင်ရောက်ဖူးမြော်ခွင့်ပြုပေးတာ၊ သံဃာတော်တွေ၊ သက်ကြီးရွယ်အိုတွေအတွက် အခမဲ့ဘက်ဂီနဲ့ပို့ဆောင်ပေးတာ၊ ဥယျာဉ်တော်အတွင်း အခမဲ့အပန်းဖြေခွင့်ပေးတာ၊ မြန်မာမှုလက်ရာဗိသုကာတွေကို အခမဲ့ခံစားကြည့်ရှုနိုင်တာ၊ ပိဋကတ်သုံးပုံ ဆဋ္ဌသင်္ဂါယနာတင်မှုကို ဂုဏ်ယူဝမ်းမြောက်ဖွယ် အခမဲ့လေ့လာနိုင်တာတွေနဲ့ယှဉ်ရင် ဘုရားဖူးပြည်သူအများကလည်း ဓာတ်ပုံလေးတွေ အမှတ်တရရိုက်ကူးဖို့အတွက် ငွေကျပ် ၁၀၀၀ ထည့်ဝင်ရတာမျိုးက အပန်းကြီးတာမဟုတ်ပါဘူး**

# ဝန်ထမ်းများအနေဖြင့် မိမိတို့ မိသားစု၊ မိမိဒေသ၊ မိမိ တိုင်းဒေသကြီး/ပြည်နယ်၊ မိမိနိုင်ငံ ပိုမိုကောင်းမွန်အောင် အဆင့်ဆင့် ကြိုးစားဆောင်ရွက်





**နေပြည်တော် စက်တင်ဘာ ၇**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန စုဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အရာထမ်း၊ အမှုထမ်းများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်မီဒီယာ၏ အခန်းကဏ္ဍ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့တွင် ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား မိသားစုပုံစံဖြင့် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ခုနက ပြသခဲ့သည့် ဗီဒီယိုကလစ်တွင် နိုင်ငံတော်အစိုးရ၏ နှစ်နှစ်ခွဲကာလ နိုင်ငံ့အတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ခဲ့မှုပုံရိပ်များကို အတိုချုံး၍ ပြသခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထိုအထဲတွင် မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ ဆောင်ရွက်ချက်များလည်း တစ်စိတ်တစ်ပိုင်းပါဝင်ပြီး ထို့အတွက်လည်း ဝန်ထမ်းများအားလုံးကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း၊ စုပေါင်းစွမ်းအားဖြင့် အားလုံးပူးပေါင်းပြီး နှစ်နှစ်ခွဲကာလ ဆောင်ရွက်ခဲ့မှုများ ဖြစ်ပါကြောင်း။

မကြာမီက တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ် အပါအဝင် ကဏ္ဍအားလုံးတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပုဂ္ဂလိကအဖွဲ့အစည်းများ စသည်ဖြင့် အားလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ပြီး ရင်ဆိုင်ကျော်လွှားနိုင်မှုကို မီဒီယာပေါင်းစုံမှတစ်ဆင့် ပြည်သူများထံ အသိပေးခြင်းဖြင့် ပြည်သူများအတွက် စိတ်ခွန်အားအသစ်များ ရရှိစေမည်ဖြစ်ပါကြောင်း၊ မိမိတို့ အားလုံး၏ စေတနာ၊ မေတ္တာနှင့် ရိုးသားမှုတို့ဖြင့် အခက်အခဲမှန်သမျှကို ရင်ဆိုင်ကျော်လွှားနိုင်ကြမည် ဖြစ်ပါကြောင်း။

ယနေ့ခေတ်သည် မီဒီယာခေတ်ဖြစ်သည့်အတွက် ကမ္ဘာတစ်လွှားဘယ်နေရာတွင် ဘာဖြစ်နေသည်ကို ချက်ချင်းသိနိုင်ကြပါကြောင်း၊ နိုင်ငံတော်တွင် လတ်တလောဖြစ်ပွားနေမှုများမှာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအားလုံးသည် မိမိတို့၏ အမျိုးသား အကျိုးစီးပွားကိုသာ ဦးစားပေးဆောင်ရွက်ကြကြောင်း၊ မိမိတို့၏ အကျိုးစီးပွားနှင့် ယှဉ်၍ နိုင်ငံအချို့ကို လိုတစ်မျိုး မလိုတစ်မျိုး ဆက်ဆံကြကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းအောင်၊ စီးပွားရေးတိုးတက်အောင်၊ ကုန်ဈေးနှုန်းကျဆင်းအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများ အနေဖြင့်လည်း မိမိတို့ မိသားစု၊ မိမိဒေသ၊ မိမိတိုင်းဒေသကြီး/ပြည်နယ်၊ မိမိနိုင်ငံ ပိုမိုကောင်းမွန်အောင် အဆင့်ဆင့် ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ အနေဖြင့် မိမိတို့ဌာန သတင်းများမသက်ဆိုင်သူများထံ ပေါက်ကြားမှုမရှိအောင် ထိန်းသိမ်းကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော် ဝန်ကြီးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) ဖွံ့ဖြိုးတိုးတက်စေရန်၊ ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်လာစေရန်တို့ အပါအဝင်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နေ့မအား ညမနား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများ၏ တက်ကြွရှင်လန်းစွာ လုပ်ကိုင်ဆောင်ရွက်မှုများအပေါ် အားရကျေနပ်ပြီး လွန်စွာ အလေးထားပါကြောင်း။

ဖေ့စ်ဘွတ်နှင့် ပတ်သက်၍ တစ်ဖက်သတ် ဘက်လိုက်ဆောင်ရွက်မှုများကို သိရှိပြီး သတိပြုသုံးစွဲကြရန် လိုအပ်ပါကြောင်း၊ အများစုသောသတင်းများမှာ အဆိပ်အတောက်ဖြစ်စေသည့် မမှန်မကန် အကျိုးမရှိသည့် သတင်းများ၊ သတင်းတု၊ သတင်းမှားများ၊ လုပ်ကြံဖန်တီးထားသည့် သတင်းများ ဖြစ်နေသည်ကို သိရှိထားရန်လိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်၊ မိမိကိုယ်ရည်ကိုယ်သွေး၊ ဌာန၏ အရည်အသွေး တိုးတက်အောင် လေ့လာမှတ်သား သင်ယူကြရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန် မှာကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်၊ ဦးတည်ချက်၊ လုပ်ငန်းတာဝန်၊ မူဝါဒများနှင့် လုပ်ငန်းများ အချိန်မီပြီးမြောက် အောင်မြင်အောင် စွမ်းဆောင်ရမည့် အချက်များကို အကြံပြုတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာသော ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CTD) သင်တန်းကျောင်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၇**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်းရှိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CTD) သင်တန်းကျောင်းသို့ သွားရောက်၍ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူငယ်လူရွယ်များကို အလုပ်အကိုင်အခွင့်လမ်းများ ရရှိစေရန်ရည်ရွယ်၍ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ (၂၀၂၂) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် "The Establishment of Bakery & Pastry Training Project" အစီအစဉ်ဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိသော အခြေခံမုန့်ဖုတ်နည်း သင်တန်းအမှတ်စဉ်(၂) သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ လေ့ကျင့်ရေးနှင့် ပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးနောင်နောင်လင်းအောင်နှင့် ရန်ကုန်ရုံးခွဲမှ ညွှန်ကြားရေးမှူး ဦးနန္ဒအောင်တို့က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် သင်တန်းများဖွင့်လှစ်ထားမှု၊ မဲခေါင်-လန်ချန်း စီမံကိန်းနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အခြေခံမုန့်ဖုတ်နည်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ယခုလ ၂၇ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ခတ်ပုံပြိုင်ပွဲပြုလုပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး သင်တန်းကျောင်း၏ စာသင်ခန်းမကြီးနှင့် ပြိုင်ပွဲဝင်များ၏ ဆုရခတ်ပုံများ၊ အခြေခံမုန့်ဖုတ်နည်း စာတွေ့သင်ကြားနေမှုနှင့် သင်တန်းသားသင်တန်းသူများ လက်တွေ့မုန့်ဖုတ်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

အခြေခံမုန့်ဖုတ်နည်း သင်တန်းအမှတ်စဉ်(၂) သင်တန်းကိုဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားလျက်ရှိရာ မုန့်အမျိုးအစား ၄၈ မျိုးကို နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်ရန်အတွက် အခြေခံမုန့်ဖုတ်နည်း စာတွေ့၊ လက်တွေ့ သင်ခန်းစာများကို ပြည်တွင်း ကျွမ်းကျင်ပညာရှင်များက သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကန်တော်ကြီးဟိုတယ်၌ ဖွင့်လှစ်ထားသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း သင်တန်းကျောင်းသို့ ရောက်ရှိရာ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဟိုတယ်တာဝန်ရှိသူများက ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ သက်မွေးပညာ သင်တန်းများ ဖွင့်လှစ်သင်ကြားမှုနှင့် ဟိုတယ်နှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၆ မှ

**အခမဲ့ခံစားကြည့်ရှုနိုင်တာ၊ ပိဋကတ်သုံးပုံဆဋ္ဌသင်္ဂါယနာတင်မှုကိုဂုဏ်ယူဝမ်းမြောက်ဖွယ် အခမဲ့လေ့လာနိုင်တာတွေနဲ့ယှဉ်ရင် ဘုရားဖူးပြည်သူအများကလည်း ခတ်ပုံလေးတွေ အမှတ်တရရိုက်ကူးဖို့အတွက် ငွေကျပ် ၁၀၀၀ ထည့်ဝင်ရတာမျိုးက အပန်းကြီးတာမဟုတ်ပါဘူး။**

ယနေ့ သမိုင်းဝင်အထင်ကရ စေတီပုထိုးတွေ၊ အဆောက်အအုံတွေအားလုံးဟာ သမိုင်းအဆက်ဆက် လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြလို့သာ ယနေ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ရတာဖြစ်ပါတယ်။ မြန်မာနိုင်ငံတင်မကပါဘူး၊ နိုင်ငံတကာက ထင်ရှားတဲ့ ကမ္ဘာကျော်သမိုင်းဝင် အဆောက်အအုံတွေ၊ အထိမ်းအမှတ်နေရာတွေနဲ့ စေတီပုထိုးတွေအများစုမှာ အခုလို ထိန်းသိမ်းစောင့်ရှောက်ခတွေ ကောက်ခံပြီး စနစ်တကျနဲ့ ရေရှည်တည်တံ့အောင် ဆောင်ရွက်နေကြတာကို မြင်တွေ့နိုင်ပါတယ်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံရှိ မြဘုရား၊ ဂျပန်နိုင်ငံရှိ ကမာကူရဘုရား၊ အင်ဒိုနီးရှားနိုင်ငံရှိ ဗောရောဗုဓိုဘုရား စတဲ့ နေရာတွေမှာ ဝင်ကြေးနဲ့ အခြားအခကြေးငွေ သတ်မှတ်ကောက်ခံတာမျိုးရှိပြီး ရေရှည်ပြန်လည်ပြုပြင်ထိန်းသိမ်းဖို့အတွက် လုပ်ဆောင်နေကြတာမျိုးတွေ ရှိနှင့်ပြီးသားပါ။ ဒါကြောင့် မိမိတို့ကလည်း မြန်မာ့ဂုဏ်ဆောင် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ရင်း ရှင်လန်းဝမ်းမြောက် သဒ္ဓါပေါက်စွာနဲ့ ကုသိုလ်ပြုကြဖို့ ပန်ကြားလိုပါတယ်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဆိုတာ နိုင်ငံရဲ့ မြို့တော်ကြီးဖြစ်တဲ့အပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းက ပျဉ်းမနား၊ လယ်ဝေး အစရှိတဲ့ မြို့ကြီးတွေဟာ မူလကတည်းက သာသနာထွန်းကားရာ ဒေသဖြစ်ပြီး ထင်ရှားတဲ့ စေတီပုထိုးတွေ၊ ဘုရားကျောင်းကန်တွေက များပြားလွန်းလှတာမို့ ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး စကျင်ထိုင်တော်မူ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနဲ့ သာသနိက အဆောက်အအုံတွေကို လေ့လာရင်း တစ်လက်စတည်း နေပြည်တော်တစ်ခွင် ထင်ရှားတဲ့ လှေခွင်းတောင်၊ ဆင်ဖြူတောင်၊ လက်လုပ်တောင်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ နေပြည်တော် ဗုဒ္ဓဂယာ၊ မဟာသကျရံသီ ရုပ်ရှင်တော်မြတ်၊ ညောင်ပင်ကြီးစု ပုဂံဘုရားများ စတဲ့အထင်ကရစေတီပုထိုးတွေကိုလည်း ကုသိုလ်ယူ ဖူးမြော်နိုင်ဖို့ တစ်ခါတစ်ခေါက် အရောက်လာခဲ့ကြဖို့ သတင်းကောင်းပါးလိုက်ရပါတယ်။ ။

# စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်စွမ်းအားမြင့်မားရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အထူးအလေးပေးဆောင်ရွက်လျက်ရှိ



နေပြည်တော် စက်တင်ဘာ ၇

နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေး၊ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို အထူးအလေးထားကာ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးအတွက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဦးတည်ချက် (၉) ရပ် ချမှတ်ပြီး နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်စွမ်းအား မြင့်မားရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည့်အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဦးစီးဌာနဝန်ထမ်းများမှာ ကျေးရွာအနှံ့ရောက်ရှိပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေကြသူများဖြစ်၍ မိမိဌာန၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် သမဝါယမပုံစံစုဖွဲ့၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ကျေးလက်ပြည်သူများအား စည်းရုံးဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလထက် စောပြီးစေရေး သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များရှိ တာဝန်ရှိသူက ကြီးကြပ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

အသက်မွေးဝမ်းကျောင်း သင်တန်းများကို အမှန်တကယ် လုပ်ငန်းဆောင်ရွက်လိုသူများကိုသာ စုစည်းသင်ကြားပေးပြီး သင်တန်းပြီးဆုံး၍ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရန် လိုအပ်သည့်စက်ပစ္စည်း၊ လုပ်ငန်းသုံးကိရိယာများကို ထောက်ပံ့ပေးနိုင်ရေး မြစိမ်းရောင်စီမံကိန်းချေးငွေ၊ RBF ချေးငွေများဖြင့် ချိတ်ဆက်ပေးရန် အလေးထား မှာကြားလိုကြောင်း။

ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိကြရန်၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး စိတ်စေတနာအပြည့်ဖြင့် ဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာဦးစီးဌာနများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ကြရန်၊ လုံခြုံရေးသတိ အမြဲရှိကြရန် မှာကြားလိုကြောင်း၊ ကျေးလက်ဒေသများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများက မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမြင့်စိုးက သမဝါယမဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို သုံးသပ်ဆွေးနွေးတင်ပြသည်။

ဆက်လက်ပြီး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများ၏ တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်များက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဦးစီးဌာနအချင်းချင်း ပေါင်းစပ်ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် တာဝန်ရှိသူများက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်း ကျရောက်မှုကြောင့် သောက်သုံးရေအခက်အခဲများဖြစ်ပေါ်ခဲ့သည့် ဒေသများအတွက် သောက်သုံးရေများရရှိရေး ရွှေ့လျားရေသန့်စင်ကားများဖြင့် သောက်သုံးရေ သွားရောက်ဖြန့်ဝေပေးခဲ့ကြသည့် တိုင်းဒေသကြီး/ပြည်နယ်များမှ ဝန်ထမ်းများအား ဂုဏ်ပြုဆုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ပဲခူးမြို့ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(ပဲခူး)နှင့် အထည်ချုပ်စက်ရုံကို ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၇

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပဲခူး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ သင်တန်းကျောင်းတာဝန်ခံက သင်တန်းကျောင်းတည်ဆောက်ပြီးစီးမှုနှင့် သင်ကြားလေ့ကျင့်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် လိုအပ်လျက်ရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်းဖြင့် ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ကျွမ်းကျင်လုပ်သားများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုဆောင်ရွက်ခြင်းဖြင့် အရည်အသွေး ပြည့်ဝသော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဖြစ်သဖြင့် လုပ်ငန်းခွင်အတွက်လိုအပ်လျက်ရှိသော သင်တန်းအမျိုးအစားများကို ဦးစားပေး ရွေးချယ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ပြည်ပသို့စေလွှတ်နိုင်သည့် အရည်အသွေးပြည့်ဝသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပဲခူး)၌ ပဲခူးတိုင်းဒေသကြီးရှိ အလုပ်သမားဝန်ကြီးဌာနမှဝန်ထမ်းများကိုတွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့နယ်ရှိ CMP စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော K Fine International (Myanmar) Co., Ltd. အထည်ချုပ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံအတွင်း အလုပ်သမားများ အေးချမ်းစွာလုပ်ကိုင်မှုအခြေအနေများကို ကြည့်ရှုအားပေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့် လုပ်သားတစ်ဦးအား ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) ပေးအပ်စဉ်။

မွန်းလွဲပိုင်းတွင်ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းသို့သွားရောက်၍ ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းဖွင့်လှစ်ပို့ချမှုနှင့် OWIC ထုတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီအစီအစဉ်ဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများနှင့် မိမိအစီအစဉ်ဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ(မြောက်ဒဂုံ) ပင်လုံခန်းမ (၄၃) ရပ်ကွက်ဗိုလ်မင်းရောင်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့် မြောက်ဒဂုံမြို့နယ် ရန်ကုန်တွင်လည်းကောင်း၊ ပြည်ပနိုင်ငံများမှ ခွင့်ပြန်အလုပ်သမားများအတွက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး) ရန်ကုန်တိုင်းဒေသကြီးတွင်လည်းကောင်း ပြည်ပအလုပ်အကိုင်အလုပ်သမား သက်သေခံကတ် (OWIC) များကို စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၉/၁၀)အောင်ဆန်းသူရိယလှသောင်းလမ်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ Labour Asia Services Co.,Ltd. မှ ဖွင့်လှစ်ထားသော ပြည်တွင်းပြည်ပအလုပ်အကိုင် ရှာဖွေရေးဝန်ဆောင်မှုနှင့် လုပ်သားကျွမ်းကျင်မှုဆိုင်ရာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျွမ်းကျင်လုပ်သားများ ပိုမိုမွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

၁၉၉၀ ပြည့်နှစ်မှယခုနှစ် ဩဂုတ်၃၁ ရက်အထိ အေဂျင်စီအစီအစဉ်ဖြင့်လည်းကောင်း၊ မိမိအစီအစဉ်ဖြင့်လည်းကောင်း၊ ခွင့်ပြန်/PR ဖြင့်လည်းကောင်း ထိုင်းနိုင်ငံသို့ ၁၀၉၀၆၂၉ ဦး၊ စင်ကာပူနိုင်ငံသို့ ၄၉၈၁၉ ဦး၊ ကိုရီးယားနိုင်ငံသို့ ၆၃၀၃၆ ဦး၊ ဂျပန်နိုင်ငံသို့ ၅၅၂၅၄ ဦး၊ မလေးရှားနိုင်ငံသို့ ၃၈၀၄၄၈ ဦးအပါအဝင် ပြည်ပနိုင်ငံ ၈၉ နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမား ၁၆၅၀၆၇၉ ဦးကို OWIC ကတ် ပြုလုပ်ခွင့်ပြု၍ စေလွှတ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# မြစ်ကြီးနားတက္ကသိုလ်၌ သမဝါယမ အစုပေါ်အမြတ်နှင့် စုဆောင်းငွေများထုတ်ပေး

မြစ်ကြီးနား စက်တင်ဘာ ၇

ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ် ဘဝတိုးတက်မြင့်မားရေး ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့တွင် အဆိုပါတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းသား ၂၉၅ ဦး တက်ရောက်သည်။

အသင်းမှ အသင်းသားများအား အစုပေါ်အမြတ် ငွေကျပ် ၂၉၃၀၀၀၀၊ စုဆောင်းငွေပေါ်အတိုး ၁၀၈၀၀၀၀၀ ၊ ပညာရည်ချွန်ဆုငွေကျပ် ၂၅၀၀၀၀ စုစုပေါင်းငွေကျပ် ၁၃၉၈၀၀၀၀ ကို အသင်းသားများသို့ ပေးအပ်ပြီး တက်ရောက်လာသည့်အသင်းသားများအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ခဲ့သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်များလွယ်လင့်တကူ လှူဒါန်းနိုင်ရန် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ စာရင်းအမှတ်ပြောင်းလဲမှု အသိပေးကြေညာခြင်း

၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ခဲ့သူများအတွက် ပြည်တွင်း/ပြည်ပစေတနာရှင်များ လွယ်လင့်တကူ လှူဒါန်းနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသောမြန်မာကျပ်ငွေစာရင်းအမှတ် OA- 011834၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 နှင့် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်၊ မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ကြောင်း QR Code များနှင့်တကွ ကြေညာခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာလှူဒါန်းလိုသည့် ပြည်တွင်း/ပြည်ပစေတနာရှင်များအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ထပ်မံဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018)သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
World First Aid Day
၂၀၂၃ခုနှစ်၊ စက်တင်ဘာလ(၉)ရက်။
"ဒစ်ဂျစ်တယ်ကမ္ဘာထဲက ရှေးဦးပြုစုနည်းပညာ"
First Aid in the Digital World

## ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ (International Day of Clean Air for Blue Skies) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုနှစ် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ **"Together for Clean Air-လေထုသန့်ရှင်းဖို့ လက်တွဲပူးပေါင်း ဆောင်ရွက်စို့"** ဖြစ်ပြီး လေထုညစ်ညမ်းမှုနှင့် ပတ်သက်၍ အမျိုးသားအဆင့်၊ နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်၊ လေထုအရည်အသွေးဆိုင်ရာအစီအမံများနှင့် ဖြေရှင်းမှုများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် လေထုညစ်ညမ်းမှုကို ကျော်လွှားနိုင်ရန်အတွက် အခန်းကဏ္ဍအလိုက် တာဝန်ခွဲဝေဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။




လူသားတို့၏ ကျန်းမာရေးနှင့် နေ့စဉ်နေထိုင်မှုဘဝအတွက် သန့်ရှင်းသောလေ ရရှိရေးသည် အရေးကြီးကြောင်း၊ လေထုညစ်ညမ်းမှုသည် တစ်ကမ္ဘာလုံးတွင်ရှိသည့် လူသားများ၏ ကျန်းမာရေးအတွက် အန္တရာယ်ရှိသော ခြိမ်းခြောက်မှုတစ်ခုဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ လေထုညစ်ညမ်းမှုကြောင့် တစ်နှစ်လျှင် လူဦးရေ ၆ ဒသမ ၇ သန်းခန့် သေဆုံးနေပြီး လူဦးရေ ၂၄ သန်းခန့်သည် အိမ်တွင်းလေထုညစ်ညမ်းမှုအန္တရာယ်နှင့် ကြုံတွေ့နေကြရကြောင်း။

လေထုညစ်ညမ်းမှုသည် နယ်နိမိတ်ဖြတ်ကျော်သည့် သဘာဝရှိသည့်အတွက် အိမ်နီးချင်းနိုင်ငံများအကြားတွင် ဖြစ်ပေါ်လေ့ရှိသည့် နယ်စပ်ဖြတ်ကျော် လေထုညစ်ညမ်းမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဒေသအဆင့်၊ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ပြဿနာများကို လျှော့ချနိုင်ရေးအတွက် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်မှုဆိုင်ရာ အာဆီယံ သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

လေထုညစ်ညမ်းမှုနှင့် အတူ ရာသီဥတုပြောင်းလဲမှုကိုပါ ဖြစ်ပေါ်စေသော မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များ အသုံးပြုရေး၊ အစိမ်းရောင် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်မျိုးဆက်သစ်များကို သန့်ရှင်းသော လေထု၊ စိမ်းလန်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်များအား လက်ဆင့်ကမ်းအမွေပေးသွားနိုင်ရေးအတွက် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ (International Day of Clean Air for Blue Skies) အထိမ်းအမှတ် ဗီဒီယိုကိုပြသပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့် တက်ရောက်လာသူများက အထိမ်းအမှတ် ပိုစတာများ ပြသထားမှုကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး H.E. Dr. Md Monwar Hossain ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၇**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး H.E. Dr. Md Monwar Hossain ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ၊ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးပြဿနာများဖြစ်သည့် ကပ်ရောဂါကာကွယ်တုံ့ပြန်ရေးလုပ်ငန်းများ၊ လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာဖြေရှင်းနိုင်ရေးလုပ်ငန်းများ၊ ရေနစ်သေဆုံးမှုလျှော့ချကာကွယ်ရေးလုပ်ငန်းများ အစရှိသည်တို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားသည့်ကိစ္စရပ်များ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထုတ်လုပ်သည့် ဆေးနှင့် ဆေးပစ္စည်းများ မြန်မာနိုင်ငံတွင် မှတ်ပုံတင်နိုင်ရေးနှင့် ဖြန့်ဖြူးအသုံးပြုနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။



တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန)၊ ညွှန်ကြားရေးမှူးချုပ်(ကုသရေးဦးစီးဌာန)နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပုလောမြို့၌ စက်လှေကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်လှစ်

**ပုလော စက်တင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ မီးသတ်တပ်ဖွဲ့၏ စက်လှေကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု(မွမ်းမံ) သင်တန်း(၄/၂၀၂၃)ကို စက်တင်ဘာ ၄ ရက်က ပုလောမြို့နယ် မီးသတ်ဦးစီးဌာနခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းတွင် ပုလောမြို့နယ်အမှတ်(၁) စစ်နယ်မြေမှူး ဗိုလ်မှူးကြီးအောင်ကိုဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ဇင်ထိုက်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

အဆိုပါသင်တန်း၌ လက်တွေ့ရေယာဉ်မောင်းနှင်ခြင်း၊ စက်လှေတစ်စင်း၏အခြေခံဖြစ်သော အလုပ်လုပ်ကိုင်ပုံ၊ အင်ဂျင်အမျိုးအစားနှင့် အဓိကအစိတ်အပိုင်းများ၊ ဆီထောက်ပံ့မှုစနစ်များ၊ ပွဲထိန်းစနစ်အလုပ်လုပ်ပုံ၊ မီးငြိမ်းသတ်ရေးအတွက် ရေစုပ်ရေပက်ခြင်း သင်ခန်းစာများ၊ စက်လှေနှင့်သက်ဆိုင်သော သင်ခန်းစာများ၊ ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ဆောင်ရမည့်လုပ်ငန်းများကို သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးမော်(ပုလော)**

# မြန်မာ့ "အ"သုံးလုံးဖခင်ကြီးမှသည် ကမ္ဘာ့ကလေးများ၏ အသက်သခင်ဆီသို့ .....

ဒေါက်တာမောင်သင်း

(ယမန်နေ့မှအဆက်)

**(၄) "အာရှနှင့် အာဖရိကနိုင်ငံများ အတုယူသင့်တာ မြန်မာ့နည်းလမ်းပါ"**

"အ"သုံးလုံးကျေလုပ်ငန်း အရှိန်မြင့်လာသည့်အခါ လုပ်အားပေးတက္ကသိုလ်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် အညာဘက်သို့ မီးရထားဖြင့်လည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဘက်သို့ သင်္ဘောဖြင့်လည်းကောင်း နွေရာသီကျောင်းပိတ်ရက်တွင် မိမိစရိတ်ဖြင့် သွားရောက်ကြရာ သူတို့ထွက်ခွာသည့်အချိန်၌ ဘူတာရုံအပြည့်နှင့် သင်္ဘောဆိပ်များတွင် ကမ်းလုံးအပြည့် လာနှုတ်ဆက်ကြသည်။

ရန်ကုန် ဝိဇ္ဇာ၊ သိပ္ပံနှင့် စီးပွားရေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များဖြစ်သည့် ဒေါက်တာမောင်မောင်ခ၊ ဒေါက်တာအေးလှိုင်တို့ကလည်း ဒုတိယဝန်ကြီး ဒေါက်တာညီညီတို့နှင့် ရန်ကုန်ဘူတာကြီးသို့ လာရောက်နှုတ်ဆက်ရာ ထိုစဉ်က မြန်မာပြည်သို့ ရောက်ရှိနေသည့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ (ယခင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်း) "မက္ကနာမရား"က ရထားသုံးစင်းအပြည့် စေတနာ့ဝန်ထမ်းလုပ်အားပေးများကို ကြည့်ပြီး **"အတင်းအဓမ္မ၊ ခိုင်းစေလို့ သွားရတာလား (Force Labour) လား"** ဟု မေးမြန်းခဲ့သည်။

ပါမောက္ခချုပ်နှစ်ဦးစလုံးက တက္ကသိုလ်ကျောင်းသားများ အင်္ဂလိပ်လိုတတ်ကြသည်။ မေးကြည့်ပါလားဆိုတော့ မေးမြန်းလေရာ လုပ်အားပေးကျောင်းသားများက **"မိမိတို့သည် စေတနာဖြင့် လုပ်အားပေးသွားခြင်းဖြစ်ကြောင်း၊ မီးရထားခနှင့် စားသောက်စရိတ် မိမိတို့အိတ်ထဲမှ စိုက်သုံးသွားရောက်ခြင်းဖြစ်ကြောင်း"** ပြောပြခဲ့သည်။

အထူးအံ့သြကာ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌက စာတတ်မြောက်မှုနှုန်း မြင့်မားလာစေရန် **"အာရှနှင့် အာဖရိကနိုင်ငံများ မြန်မာကို အတုယူကျင့်သုံးသင့်ကြောင်း"** ပြောကြားခဲ့မှုမှတ်တမ်းများရှိခဲ့ပါသည်။ ၁၉၈၄ ခုနှစ်တွင် ဆရာကြီး ဦးသောင်းထွဋ်က ဂျာမနီနိုင်ငံ အနောက်ဘာလင်၌ ကျင်းပခဲ့သည့် **"စာတတ်မြောက်ရေးညီလာခံ"** တွင် "Burmese Way to Literary" စာတမ်းကို တင်သွင်းခဲ့ရာ ဘတ်ဂျက်မလိုသည့် စေတနာ့ဝန်ထမ်း လူထုလှုပ်ရှားမှု စာတတ်မြောက်ရေးလုပ်ငန်းကို အထူးအံ့သြကြသည်။ မြန်မာ့နည်းကို ကမ္ဘာတစ်ဝန်း သိစေခဲ့သည်။ ဖြန့်နိုင်ခဲ့သည်။

**(ဃ) နိုင်ငံတကာစာတတ်မြောက်ရေးဆုများကို ရရှိခြင်း**

(၁) မိုဟာမက်ရေဇာပါလဗီဆု (Mohammad Reza Pahlavi Prize)

ယင်းဆုကို မြန်မာနိုင်ငံက စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုအတွက် ယူနက်စကိုက "မိတ္ထီလာခရိုင်လုံးကျွတ် စာတတ်မြောက်မှုအောင်ပွဲ"ပြီးသည့် ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

(၂) နိုမာဆု (The Noma Prize)

နိုမာဆုကို ၁၉၈၄ ခုနှစ်တွင် ရရှိခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါဆုကလည်း ယူနက်စကိုကပင် ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာစာတတ်မြောက်ရေး၊ သက်ကြီးဖတ်စာများ၊ စာစဉ်များ ဖြန့်ဝေနိုင်မှုအတွက် ရရှိခဲ့ခြင်းဖြစ်ပါသည်။ ဆရာကြီးသည် ၁၉၆၄ ခုနှစ်တွင် "သက်ကြီးရက်တိုသင်တန်းလမ်းညွှန်" ကို စတင်ပြုစုခဲ့ပြီး "သက်ကြီးဖတ်စာ" နှင့် "သက်ကြီးစာပဒေသာ" စာစဉ်ပြုစုရေးကော်မတီ ခုနစ်ဦးတွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

**(င) စာတတ်မြောက်မှု (က) အဆင့်နိုင်ငံဖြစ်လာခြင်း**

၁၉၆၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် လုပ်အားပေးဆရာလောင်း လေးဦးဖြင့် သဖန်းစံပြရွာမှ စတင်ခဲ့သည့် သက်ကြီးစာမတတ်သူ ပပျောက်ရေးလုပ်ငန်းသည် ထိုအချိန်က မြန်မာနိုင်ငံ၌ မြို့နယ်ပေါင်း ၃၀၈ မြို့နယ်ရှိရာ ၂၉၇ မြို့နယ်အထိ ဆောင်ရွက်ပြီးခဲ့ပြီးဖြစ်ပါသည်။

စေတနာ့ဝန်ထမ်း ဆရာလေးဦးမှသည် လုပ်အားပေး ဆရာ ဆရာမပေါင်း ၈၈၃၉၇၆ ဦးတို့က တစ်ပြည်လုံးအနှံ့ သင်ကြားပေးခဲ့ကြသည်။ ၁၉၆၄ ခုနှစ် သဖန်းစံပြကျေးရွာက နွေရာသီတစ်လ "အ"သုံးလုံးမျက်ဖွင့်သင်တန်းအပြီးတွင် စာမတတ်သူ ၁၀၀ ခန့် စာတတ်မြောက်လာခဲ့သည်။ ၁၉၈၈ ခုနှစ်သို့ ရောက်သောအခါ တစ်ပြည်လုံးတွင် ၂၄၁၁၁၇၉ ဦး စာတတ်မြောက်ခဲ့ပေသည်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံအနေဖြင့် စာတတ်မြောက်မှု ၉၂ ရာခိုင်နှုန်းသို့ ရှိလာခဲ့သည်။ စစ်ပြီးခေတ်က မြန်မာ့စာတတ်မြောက်မှု ၃၅ ရာခိုင်နှုန်းမှသည် နှစ် ၄၀ အကြာတွင် ၉၂ ရာခိုင်နှုန်းသို့ မြင့်တက်လာအောင် ဆရာကြီး၏သင်နည်းနှင့် လူထုလှုပ်ရှားမှုနည်းဖြင့် စွမ်းဆောင်နိုင်ခဲ့ကြသည်။ သို့ပါ၍ မြန်မာနိုင်ငံသည် အာရှနှင့် ပစိဖိတ်ဒေသတွင် စာတတ်မြောက်မှုနှုန်း မြင့်မားသည့် (က) အုပ်စုဝင်နိုင်ငံအဖြစ် သတ်မှတ်ရပ်တည်နိုင်ခဲ့ပေသည်။

**(စ) "အ"သုံးလုံးနည်းမှသည် ကမ္ဘာ့ကလေးများ အသက်ရှင်ရေးဆီသို့**

ဆရာကြီးဦးသံဗျင်၏ "ပြည်သူလူထုပူးပေါင်းပါဝင် အကောင်အထည်ဖော်မှုနည်းလမ်း" သည် မြန်မာ့စာတတ်မြောက်ရေးအတွက်သာ ရည်ရွယ်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော် မြန်မာ့ပညာရှင်ဆရာကြီး ဒေါက်တာညီညီကပင် အဆိုပါနည်းလမ်းကို ကမ္ဘာ့ကလေးများ အသက်ရှင်ရေးအတွက် ဆက်လက်အသုံးချခဲ့သည်။ အသုံးချပုံနှင့်ပတ်သက်၍ ဆရာကြီးဒေါက်တာညီညီက ဆရာကြီးဦးသံဗျင် ဂုဏ်ပြုအမှတ်တရစာစုများစာအုပ်တွင် ရေးသားထားသည်မှာ **"ဆရာကြီးဦးသံဗျင် စတင်စမ်းသပ်ခဲ့၍ ကျွန်တော်တို့အားလုံး ပါဝင်လှုပ်ရှားခဲ့သော "အ"သုံးလုံးကျေ စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုသည် ကမ္ဘာတစ်ဝန်း အကျိုးသက်ရောက်မှုရှိလာသည်။"**

ကျွန်တော်ယခုလိုရေးရခြင်းမှာ "အ"သုံးလုံးကျေလှုပ်ရှားမှုမှရခဲ့သော သင်ခန်းစာကို အသုံးပြု၍ ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွင် အသုံးချခြင်းဖြစ်သည်။ ကျွန်တော်သည် ၁၉၈၀ ပြည့်နှစ်မှစ၍ UNICEF ခေါ် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တွင် လုပ်ငန်းဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ် အမှုထမ်းခဲ့ရာ ကျွန်တော်၏ ညွှန်ကြားရေးမှူးချုပ်က ယူနီဆက်၏ လုပ်ငန်းများ ပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးကို ဆွေးနွေးရင်း မြန်မာပြည်၌ ဆောင်ရွက်ခဲ့သည့် "အ"သုံးလုံးကျေလှုပ်ရှားမှုတွင် သုံးခဲ့သောအခြင်းအရာများကို သုံးရန် ဆုံးဖြတ်ကြသည်။

"အ"သုံးလုံးကျေလှုပ်ရှားမှုသည် ပြည်သူ၏လှုပ်ရှားမှုဖြစ်သော်လည်း အစိုးရအဆင့်ဆင့်သာမက လူမှုအဖွဲ့အစည်းအသီးသီးက ပညာရှင်များနှင့် အနုပညာရှင်များ၊ Media အဖွဲ့အစည်းများ၊ တက္ကသိုလ်နှင့် ကျောင်းများရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအားလုံး ပါဝင်သောလှုပ်ရှားမှုဖြစ်သည်။ ယင်းလှုပ်ရှားမှုကို ယူနီဆက်ညွှန်ကြားရေးမှူးချုပ် Jame P.Grant က **"လူမှုလှုပ်ရှားစည်းရုံးရေး"** (Social Mobilization) ဟု ကင်ပွန်းတပ်ပြီး ပြည်သူလူထုပါဝင်ထောက်ခံမှုရရန် လိုအပ်သောလုပ်ငန်းများတွင် သုံးရန်စီစဉ်ခဲ့သည်။

၁၉၈၄ ခုနှစ်မှ နောင်ခြောက်နှစ်အကြာ ၁၉၉၀ ပြည့်နှစ်ရောက်လျှင် ကမ္ဘာတစ်ဝန်းလုံးရှိ တစ်နှစ်အောက်ကလေး အနည်းဆုံးရာခိုင်နှုန်း ၈၀ ပြည့်ကို ကာကွယ်ဆေးခြောက်မျိုး ထိုးပေးနိုင်ရေးလှုပ်ရှားမှုကို ၁၉၈၄ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ရာ ထိုလုပ်ငန်းကို **"လူမှုလှုပ်ရှားစည်းရုံးရေး"** ပုံစံဖြင့် ကမ္ဘာတစ်ဝန်းလုံး စည်းရုံးအကောင်အထည်ဖော်ရာတွင် ကျွန်တော်က ဦးစီးဆောင်ရွက်ခဲ့ရသည်။

ဤလှုပ်ရှားမှု ဖော်ဆောင်ရေးအတွက် ကျွန်တော်သည် ကမ္ဘာအနှံ့ခရီးထွက်ခဲ့ရရာ "အ"သုံးလုံးကျေလုပ်ငန်းလုပ်စဉ်က မြန်မာပြည်အနှံ့ ဆရာကြီးဦးသံဗျင်နှင့် အခြားလုပ်ဖော်ကိုင်ဖက်များနှင့်အတူ ခရီးထွက်ခဲ့ခြင်းကို သတိရမိပါသည်။ "အ"သုံးလုံးကျေ လှုပ်ရှားမှုကဲ့သို့ပင် ပြည်သူလူထုနှင့်အတူ အစိုးရအဖွဲ့အစည်းအဆင့်ဆင့်၊ လူမှုရေးအဖွဲ့အစည်းအဆင့်ဆင့်၊ အနုပညာရှင်များ၊ Media များ၊ ပညာရှင်များ၊ ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများ ကိုယ်ဆိုင်ရာဝန်ကိုထမ်းပြီး ပါဝင်ခဲ့ကြသည်။

၁၉၉၀ ပြည့်နှစ်ကုန်၍ စာရင်းပိတ်သောအခါ ကမ္ဘာတစ်ဝန်းလုံးရှိ တစ်နှစ်အောက်ကလေးသူငယ်များကို ကာကွယ်ဆေးခြောက်မျိုး လွန်ခဲ့သောခြောက်နှစ်ကျော် ၁၉၈၄ ခုနှစ်က ၁၅ ရာခိုင်နှုန်းသာ ထိုးပေးခဲ့ရာမှ ၈၀ ရာခိုင်နှုန်းကျော်အထိ တက်လာပြီး ကမ္ဘာ့အစိုးရအသီးသီး၏ ဂုဏ်ပြုမှုခံခဲ့ရသော ကမ္ဘာ့လူမှုသမိုင်းတွင် မှတ်တမ်းတင်ခံခဲ့ရသည်။

စာမျက်နှာ ၁၁ သို့ ◆



၁၉၇၀ ပြည့်နှစ်က ကြက်မောက်တောင်ဒေသ စာမတတ်သူပပျောက်ရေး "အ"သုံးလုံး လူထုလှုံ့ဆော်ချီတက်ပွဲဆင်နွှဲခဲ့သည့် ဆရာကြီး ဦးသံဗျင်နှင့် ဆရာကြီး ဦးဝန်။

**"ဆရာကြီးဦးသံဗျင် စတင်စမ်းသပ်ခဲ့၍ ကျွန်တော်တို့အားလုံး ပါဝင်လှုပ်ရှားခဲ့သော "အ"သုံးလုံး စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုနည်းလမ်းကို ယူနီဆက်တွင်သုံးရာ တစ်နှစ်အောက်ကလေးများ ၁၉၈၄ ခုနှစ်တွင် "၁၅%" သာ ကာကွယ်ဆေးခြောက်မျိုး ထိုးပေးနိုင်ရာမှ ၁၉၉၀ ပြည့်နှစ်တွင် "၈၀%" အထိတိုးတက်လာပြီး ကမ္ဘာတစ်လွှားမှ အစိုးရအသီးသီး၏ ဂုဏ်ပြုခံခဲ့ရကာ ကမ္ဘာ့လူမှုသမိုင်းတွင် သမိုင်းမှတ်တမ်းတင်ခံခဲ့ရ"**

## တောင်ငူ၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပန်းချီနှင့်ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**တောင်ငူ စက်တင်ဘာ ၇**

တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ပန်းချီနှင့်ကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထားထားရီက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် မြို့နယ် ပန်းချီ၊ ပန်းပု၊ အစည်းအရုံးနာယက ပန်းချီဆရာ ဦးစိုးမြင့်လေးက ပန်းချီပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ပန်းချီနှင့်ကဗျာရွတ်ဆိုပြိုင်ပွဲ၌ အထက (၁)မှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများနှင့် ပန်းချီဆရာ ဦးစိုးမြင့်လေးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို (ပြန်/ဆက်)**






## ကျိုင်းတုံမြို့နယ်၌ မစိုးရိမ်(နမ့်ဩ)ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**ကျိုင်းတုံ စက်တင်ဘာ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများနှင့် အခြားသာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မစိုးရိမ်(နမ့်ဩ) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ) မှ ဒေသကြီးကြပ်ရေးမှူး ဦးသီဟဇော်နှင့် ဝန်ထမ်းများက ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု မစိုးရိမ်(နမ့်ဩ) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ဆရာတော်၊ သံဃာတော်နှင့် စာသင်ရှင်သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

◆ စာမျက်နှာ ၁၀ မှ

**"ဤလှုပ်ရှားမှုသည် ဆရာကြီးဦးသံဗျင် စတင်စမ်းသပ် မြေစမ်းခရမ်းပျိုးခဲ့သော "အ"သုံးလုံး ကျေလုပ်ငန်းတွင် စတင်ခဲ့သည်ဟုဆိုလျှင် မှားမည်မထင်ပါ"** ဟူ၍ ဂုဏ်ပြုရေးသားခဲ့ပါသည်။

**မြန်မာ့ကမ္ဘာတန်ပတ္တမြားအလကားပေးလိုက်ရခြင်း**

"ဆရာကြီးဦးသံဗျင် စတင်စမ်းသပ်ခဲ့၍ ကျွန်တော်တို့အားလုံး ပါဝင်လှုပ်ရှားခဲ့သော "အ"သုံးလုံး စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုနည်းလမ်းကို ယူနီဆက်တွင် သုံးရာ တစ်နှစ်အောက်ကလေးများ ၁၉၈၄ ခုနှစ်တွင် **"၁၅%"** သာ ကာကွယ်ဆေးခြောက်မျိုး ထိုးပေးနိုင်ရာမှ ၁၉၉၀ ပြည့်နှစ်တွင် **"၈၀%"** အထိတိုးတက်လာပြီး **"ကမ္ဘာတစ်လွှားမှ အစိုးရအသီးသီး၏ ဂုဏ်ပြုခံခဲ့ရကာ ကမ္ဘာ့လူမှုသမိုင်းတွင် သမိုင်းမှတ်တမ်းတင်ခံခဲ့ရသည်"** ဆိုသည်ကို ယူနီဆက်ညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်ခဲ့သူ ဆရာကြီးဒေါက်တာညီညီက အထက်တွင် အတိအလင်းဆိုခဲ့ပါပြီ။

ဤယူနီဆက်၏ လှုပ်ရှားမှုသည် ဆရာကြီးဦးသံဗျင်က သူ့တပည့် ဆရာလောင်းလေးဦးဖြင့် မိတ္ထီလာမြို့နယ် အရှေ့စံပြသဖန်းကျေးရွာ၌ မြေစမ်းခရမ်းပျိုးခဲ့သော "အ"သုံးလုံးကျေလုပ်ငန်းတွင် စတင်ဆောင်ရွက်ခဲ့သည့် "လူထုပါဝင် ပူးပေါင်းလှုပ်ရှားမှုနည်းသစ်"၏ အသီးအပွင့်များပင်ဖြစ်ပါသည်။ ထိုနည်းကို ယနေ့ထိ ကမ္ဘာတစ်လွှား အောင်မြင်စွာအသုံးပြုနေဆဲဖြစ်ပါသည်။

ဆရာကြီး၏ **"လူထုပူးပေါင်းပါဝင် အကောင်အထည်ဖော်မှု"** နည်းသည် စာမသင်ခဲ့ရသူ သက်ကြီးများ စာတတ်မြောက်ရေးအတွက်သာ ရည်ရွယ်ခဲ့ပါသည်။ ဆရာကြီး၏နည်းကို ထိုစဉ်က "အ"သုံးလုံးကျေသင်တန်း ကြီးကြပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ တာဝန်ယူခဲ့သူ ဒေါက်တာညီညီက အထက်မှာဖော်ပြထားသကဲ့သို့ ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မှာ ဘတ်ဂျက်မလို၊ လူထုအားသာလိုသည့် မြန်မာ့စာတတ်မြောက်ရေးအကြောင်း ဆွေးနွေးပြီးနောက် ယူနီဆက်ညွှန်ကြားရေးမှူးချုပ်က သဘောကျပြီး Social Mobilization ဟုအမည်တပ်သုံးစွဲခဲ့ရာ အထက်ပါအတိုင်း ၁၉၈၄ ခုနှစ်မတိုင်မီက တစ်နှစ်အောက်ကလေးများ ကာကွယ်ဆေးခြောက်မျိုး ထိုးနှံမှုမှာ ၁၅ ရာခိုင်နှုန်းသာရှိရာမှ ၁၉၉၀ ပြည့်နှစ်တွင် ၈၀ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။ ကာကွယ်ဆေးထိုးနိုင်၍ ကမ္ဘာ့ကလေးများ အသက်ရှင်နှုန်းမြင့်တက်လာခဲ့သည်။




တစ်နှစ်အောက်ကမ္ဘာ့ကလေးများ ကာကွယ်ဆေးထိုးနှံရာမှာ "လူထုပူးပေါင်းပါဝင်လှုပ်ရှားမှု" နည်းကိုအသုံးပြုခဲ့သူ (မြန်မာနိုင်ငံ၏ "အ"သုံးလုံးကျေ သင်တန်းကြီးကြပ်ညှိနှိုင်းမှု ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် ၁၉၆၅ – ၁၉၇၄ ထိဆောင်ရွက်ခဲ့သူ) ဒေါက်တာညီညီ

ဤသည်မှာ ဆရာကြီး၏ "အ"သုံးလုံးကျေသင်တန်းကို အကောင်အထည်ဖော်ခဲ့သည့် လူထုလှုပ်ရှားနည်းလမ်းကြောင့်ပင်ဖြစ်သည်။ ဆရာကြီး၏ လူထုလှုပ်ရှားမှုနည်းသည် သဖန်းစံပြကျေးရွာမှ မြန်မာတစ်ပြည်လုံးသို့ ပျံ့နှံ့ပြီးနောက် ဆရာကြီးဒေါက်တာညီညီမှတစ်ဆင့် ကမ္ဘာတစ်လွှားသို့ ဆက်လက်ပျံ့နှံ့အသုံးပြုခဲ့သည်။

ထိုနည်းကြောင့် တစ်နှစ်အောက်ကလေးသေပျောက်မှုနှုန်း ကမ္ဘာတစ်ဝန်း သိသိသာသာကျဆင်းလာကာ ကလေးများအသက်ရှင်သန်နှုန်းမြင့်မားလာခဲ့သည်။ ဤသို့ဆိုလျှင် ဆရာကြီးသည် **"မြန်မာ့"အ"သုံးလုံးဖခင်ကြီး"** အဆင့်မှ **"ကမ္ဘာ့ကလေးများ၏ အသက်သခင်"** ဘဝဆီ ရောက်ခဲ့ရပေသည်။

သို့သော် အဆိုပါ **"လူထုပါဝင်လှုပ်ရှားမှုနည်းလမ်း"** သည် မြန်မာနိုင်ငံမှာတော့ ဆရာကြီးဦးသံဗျင်က မူလပိုင်ရှင်ပါ။ **"မူပိုင်ခွင့်ရှိသူ"** အစစ်တည်း။ သို့သော် ကမ္ဘာမှာတော့ ဆရာကြီး၏နည်းဟု သိကြပေလိမ့်မည်မဟုတ်ပါ။ **"ယူနီဆက်၏နည်း"** (သို့) ညွှန်ကြားရေးမှူးချုပ် **"ဒေါက်တာဂရန့်၏နည်း"** ဟုသာ မှတ်တမ်းတင်ထားပေလိမ့်မည်။ ယနေ့ မြန်မာနိုင်ငံတွင် တစ်နှစ်အောက်ကလေးများ ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများပါ သဖန်းစံပြရွာက စခဲ့သည်။ မြန်မာ့နည်းဆိုတာသိ၍ ဂုဏ်ယူစွာပါဝင်စေလိုပါသည်။



ချောက်မြို့နယ် တွင်းလပ်ကျေးရွာရှိ ဆရာကြီး၏ အထိမ်းအမှတ် စာကြည့်တိုက်ရှေ့တွင် ထုလုပ်ထားသည့် ဆရာကြီး ဦးသံဗျင်ရုပ်တု

ဤသည်ကို မြန်မာ့မူပိုင်၊ မြန်မာ့ပတ္တမြားစစ်စစ်ပါဟု အခိုင်အမာ ခုခံချေပပြောဆိုနိုင်မည့် ဆရာကြီးဒေါက်တာညီညီလည်း ကွယ်လွန်ခဲ့ပေပြီ။ ဝမ်းနည်းစရာကောင်းသည်မှာ **"မြန်မာကစတင်ခဲ့မှု"** တစ်နည်းအားဖြင့် **"ဦးသံဗျင်၏ နည်းပညာ"** (Myanmar or U Than Byin's Origin) သည် ယူနီဆက်က လုပ်ဆောင်မှု (Made by UNICEF) ဘဝသို့ ကူးပြောင်းခံရမှုသည် ဝမ်းနည်းစရာပင်။ **"မြန်မာ့ကမ္ဘာတန်ပတ္တမြား အလကားပေးလိုက်ရ"** သလိုပင် နိုင်ငံသားတစ်ယောက်အနေဖြင့် ခံစားမိသည်။ ကမ္ဘာ့ကလေးများ အသက်ရှင်နှုန်းမြင့်မားလာ၍ ဗုဒ္ဓဘာသာဝင်ပီပီ **"ဇီဝိတဒါန"** ဆရာကြီးပြုခဲ့သည်ဟု ဖြေတော့ဖြေသာမိပါသည်။

**"အ"သုံးလုံးနှင့် ကမ္ဘာ့ကလေးများ၏ ဇီဝိတဒါန ဖခင်ကြီးသည် ဆက်လက်ဂုဏ်ပြုထိုက်သူပါ**

ဂုဏ်ပြုထိုက်သူကိုဂုဏ်ပြုခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်။ မြန်မာနိုင်ငံက ၁၉၈၂ ခုနှစ်တွင် ဆရာကြီးအား **"နိုင်ငံ့ဂုဏ်ရည်ဒုတိယအဆင့်"** အဖြစ် ဂုဏ်ပြုခဲ့ပြီးပါပြီ။ ထိုအချိန်က **"လူထုပါဝင်လှုပ်ရှားမှုနည်း (Mass Movement)"** သည် မြန်မာ့စာတတ်မြောက်ရေးလုပ်ငန်းတွင်သာ သုံးနေဆဲကာလပါ။ ကမ္ဘာသို့ မပြန့်သေးပါ။ ၁၉၈၄ ခုနှစ် တွင်မှ **"၁၉၆၅ ခုနှစ်မှ ၁၉၇၄ ခုနှစ်"** ထိ "အ"သုံးလုံးကျေသင်တန်းကြီးကြပ်ညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သူ ဆရာကြီးဒေါက်တာညီညီက ယူနီဆက်တွင် Social Mobilization အဖြစ် ယူသုံးခဲ့သည်။

ဤသည်ကို ဆရာကြီးဒေါက်တာညီညီက **"ဤလုပ်ရှားမှု (၁၉၈၄ မတိုင်မီ ကမ္ဘာ့ကလေးများ ကာကွယ်ဆေး ၁၅% သာထိုးပေးရာမှ ၈၀% ကျော်အထိတက်လာပြီး ကမ္ဘာ့အစိုးရအသီးသီး ဂုဏ်ပြုခံခဲ့ရသော ကမ္ဘာ့လူမှုသမိုင်းတွင် မှတ်တမ်းတင်ခံခဲ့ရသည်) သည် ဆရာဦးသံဗျင် စတင်စမ်းသပ်မြေစမ်းခရမ်းပျိုးခဲ့သော "အ"သုံးလုံးကျေလုပ်ငန်းတွင် စတင်ခဲ့သည်ဟုဆိုလျှင် မှားမည်မထင်ပါ"** ဟု မှတ်တမ်းရေးကာ **"ဆရာကြီးဦးသံဗျင်နည်း"** ဟု ထောက်ခံခဲ့သည်။

ဆရာကြီးဦးသံဗျင်၏နည်းကို ထပ်ဆင့်သုံးသူပင်လျှင် ကမ္ဘာ့အစိုးရအသီးသီးက ဂုဏ်ပြုခဲ့ခြင်းခံရသေးလျှင် **"ကမ္ဘာ့ကလေးများ၏ ဇီဝိတဒါနပိုင်ရှင်အစစ် ဦးသံဗျင်"** အားလည်း ကျွန်တော်တို့နိုင်ငံအနေဖြင့် ဂုဏ်ပြုသင့်ပါကြောင်း ကျွန်တော့်အမြင်ကို ဖော်ပြရေးသားရင်း နိုင်ငံတကာစာတတ်မြောက်ရေးခေတ်တစ်ခေတ်တွင် မြန်မာနိုင်ငံဝင့်ကြွားနိုင်အောင် စွမ်းဆောင်ပေးခဲ့သည့် ဆရာကြီးဦးသံဗျင်အား ဂုဏ်ပြုလိုက်ရပါသည်။ ။

ကျမ်းကိုး
(၁) ကလောင်စုံ (၂၀၁၇) ဆရာကြီးဦးသံဗျင် ဂုဏ်ပြုအမှတ်တရစာစုများ
(၂) ဒေါက်တာမောင်သင်း (၂၀၂၂) မြန်မာ့စာတတ်မြောက်မှုနည်းလမ်းမှသည် ကမ္ဘာ့ကလေးများအသက်ရှင်ရေးဆီသို့ (၁၅ – ၉ – ၂၀၂၂၊ မြန်မာ့အလင်း)
(၃) ဒေါက်တာသန်းဦး (၂၀၂၃) ပညာရေးအတွေးအမြင်
(၄) မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန (၂၀၀၄) မြန်မာနိုင်ငံ စာတတ်မြောက်ရေးမော်ကွန်း




## ၂၀၂၃ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# Naypyitaw State Academy ဆေးသိပ္ပံပညာမဟာဌာနတွင် သင်ကြားမည့် ဆရာ ဆရာမများ ခန့်ထားနိုင်ရေး၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ သင်ကြားရေးဆိုင်ရာပစ္စည်းများ ဖြည့်တင်းနိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**

Naypyitaw State Academy ဆေးသိပ္ပံပညာမဟာဌာနတွင် ဆေးပညာအခြေခံနှစ်သင်တန်းကို အဆင်ပြေချောမွေ့စွာ ဖွင့်လှစ်နိုင်ရေးအတွက် သင်ကြားမည့် ဆရာ ဆရာမများ ခန့်ထားနိုင်ရေး၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ သင်ကြားရေးဆိုင်ရာပစ္စည်းများဖြည့်တင်းနိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန နေပြည်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးလက်တွေ့အခြေခံဘာသာရပ် ပါမောက္ခ/ဌာနမှူးများ၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက Naypyitaw State Academy ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဆေးသိပ္ပံပညာမဟာဌာန၊ လူမှုရေးပညာမဟာဌာနနှင့် အားကစားပညာမဟာဌာန စသည့် သင်ကြားရေးမဟာဌာနကြီး ခုနစ်ခုတို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်ပါကြောင်း၊ ဆေးသိပ္ပံပညာမဟာဌာန ဖွင့်လှစ်နိုင်ရေးအတွက် ယခင်နှစ်ကပင် စတင်စီစဉ်ဆောင်ရွက်ခဲ့ရာ ယခုနှစ် နိုဝင်ဘာလတွင် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများမှစ၍ ဆေးပညာအခြေခံနှစ်သင်တန်းကို စတင်ဖွင့်လှစ်နိုင်တော့မည်ဖြစ်ပါကြောင်း။

Naypyitaw State Academy သို့ တက်ရောက်ခွင့်ရရှိမည့် ကျောင်းသား ကျောင်းသူများအား ရွေးချယ်ရာတွင် ၎င်းတို့အောင်မြင်သည့်စာစစ်ဌာနအပေါ်မူတည်၍ စနစ်တကျ ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ဆေးတက္ကသိုလ်များတွင် လက်ရှိသင်ကြားလျက်ရှိသည့် Outcome–based Integrated Curriculum ဖြင့် တစ်ပြေးညီ သင်ကြားပို့ချနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆေးပညာအခြေခံနှစ် (Foundation Year)Semester(I)တွင် သင်ကြားပို့ချပေးမည့် ဆရာ ဆရာမများမှာ ပညာရေးဝန်ကြီးဌာန Naypyitaw State Academy မှ ဆရာ ဆရာမများဖြစ်သဖြင့် ၎င်းတို့ကို မိမိတို့သင်ရိုးညွှန်းတမ်း၊ ဆန်းစစ်ခြင်းပုံစံများဖြင့် အကျွမ်းဝင်မှုရှိစေရန် ဘာသာရပ်ဆိုင်ရာ ဝါရင့်သင်ကြားရေး ဆရာ ဆရာမများ ပါဝင်သောအဖွဲ့နှင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

Naypyitaw State Academy သို့ တက်ရောက်ခွင့်ရရှိမည့် ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးပြည့်မီမှုကိုလည်း အလေးထားဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ Naypyitaw State Academy တွင် ဆေးသိပ္ပံပညာမဟာဌာန၏ ဘွဲ့ကြိုသင်တန်းများဆိုင်ရာ သင်ကြားရေး ဆရာ ဆရာမများ ခန့်ထားရေး၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ခေတ်မီသင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိစေရန် ဖြည့်တင်းရေးကိစ္စရပ်များကို Naypyitaw State Academy၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝန်ထမ်းခန့်ထားရေးဆိုင်ရာကိစ္စရပ်များ၊ သင်ထောက်ကူပစ္စည်းများဖြည့်တင်းရေးဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းအိမ်ရာ၊ ကျောင်းသားအဆောင်တည်ဆောက်ရေးကိစ္စရပ်များ၊ Naypyitaw State Academy ဒုတိယပါမောက္ခချုပ်က လက်ရှိ Naypyitaw State Academy ၏ ဖွဲ့စည်းပုံ၊ သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ အဆောက်အအုံတည်ဆောက်ပြီးစီးမှုဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက်တာဝန်ရှိသူများက Academic Campus နှင့် Clinical Campus များဖြစ်သော Naypyitaw State Academy နှင့် ခုတင်(၅၀၀)ဆံ့ ဇမ္ဗူသီရိဆေးရုံ နေပြည်တော်တို့သို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တံတားဦးမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ဖွင့်လှစ်

**တံတားဦး စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့



ပူးပေါင်းပြီး ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြုပြင်နည်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ဘလဲ့ဘကျေးရွာအုပ်စု ကွက်သစ်ရပ် ကုသလာလင်္ကာရာဘုန်းတော်ကြီးကျောင်းတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက သင်တန်းမှရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျာဝင်းက သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဆိုင်ကယ်ပြုပြင်နည်းသင်တန်းကို စက်တင်ဘာ ၄ ရက်မှ ၂၃ ရက်အထိ ရက် ၂၀ ကြာ စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ သင်တန်းသို့ တံတားဦးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၁၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၅၆၉ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်လေးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၇-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၆–၉–၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၇–၉–၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၅၆၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၄)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ တရုတ်နိုင်ငံ ကွမ်းရှီးရုပ်သံ (GXRTV)က လာရောက်ရိုက်ကူး

**နေပြည်တော် စက်တင်ဘာ ၇**

တရုတ်နိုင်ငံ ကွမ်းရှီးရုပ်သံ(GXRTV)မှ ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်၍ ရိုက်ကူးရေးဆောင်ရွက်မှုနှင့်အတူ နေပြည်တော် - တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ သွားရောက်၍ ရိုက်ကူးရေးဆောင်ရွက်သည်။

**ရိုက်ကူးရေးဆောင်ရွက်**

နံနက်ပိုင်းတွင် ကွမ်းရှီးရုပ်သံ(GXRTV)မှ တွေ့ဆုံမေးမြန်းသူ Ms.LUO XIANZI(ချမ်းချမ်း)က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တွေ့ဆုံမေးမြန်းမှုပြုလုပ်၍ MRTV နှင့် GXRTV တို့အကြား တရုတ်ရုပ်သံဇာတ်လမ်းတွဲနှင့် ကာတွန်းဇာတ်လမ်းတွဲများ ပြသမှုနှင့် မြန်မာပရိသတ်များ ကြည့်ရှုအားပေးမှု အခြေအနေ၊ ဇာတ်လမ်းတွဲများ ပြသခြင်းဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရေးအပေါ် အကျိုးသက်ရောက်မှု၊ နှစ်နိုင်ငံ ရုပ်သံမီဒီယာတို့ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရိုက်ကူးရေးဆောင်ရွက်သည်။



ဆက်လက်၍ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ တရုတ်နိုင်ငံ နန်နင်းမြို့တွင် လေးရက်ကြာ ကျင်းပမည့် အကြိမ်(၂၀)မြောက် အာဆီယံ-တရုတ်ကုန်စည်ပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေး သဘောထားအမြင်ကို ရိုက်ကူးရေးပြုလုပ်သည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့ချိန်တွင် ကွမ်းရှီးရုပ်သံ(GXRTV) မှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)အတွက် လိုအပ်သော ဆေးဝါးများနှင့် Mask များ ပေးပို့လှူဒါန်းခဲ့မှုအတွက် မှတ်တမ်းတင်ဂုဏ်ပြုလွှာနှင့် အမှတ်တရပစ္စည်းကို ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကွမ်းရှီးရုပ်သံအဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ သတင်းထုတ်လွှင့်တင်ဆက်မှုများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာပြီး ရိုက်ကူးရေးဆောင်ရွက်သည်။

**သွားရောက်ဖူးမြော်**

ထို့နောက် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များတွင် စကျင်ကျောက်ဖြင့် ထုဆစ်ပူဇော်ထားသော ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီးသို့ သွားရောက်ဖူးမြော်၍ ဘုရား၊ ကျောင်း၊ ကန်၊ ဗိမာန်၊ ဇရပ်ဆောင်များနှင့် ကျောက်စာများ၊ ပန်းမန်ဥယျာဉ်၊ ရေပန်းနှင့် လမ်း၊ တံတားများ တည်ထားမှုကို ရိုက်ကူးရေးဆောင်ရွက်ပြီး လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကာ ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံ နန်နင်းမြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာ၌ ရပ်ရွာအေးချမ်းသာယာရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ကော့မှူး စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးစီး၍ ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ငှက်အော်စမ်းကျေးရွာ၌ ပြည်သူများ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်ကျော်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်အတိုင်း ဆောင်ရွက်နေမှုများ၊ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအတွက် ဆောင်ရွက်မှုများ၊ ကျေးရွာနေ ပြည်သူများအား ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် စစ်ကြောင်းကြီး ငါးကြောင်းဖြင့်ကွင်းဆင်း ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ဒေသခံပြည်သူများက မိမိတို့ဒေသ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်ကျော်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် တရားဥပဒေစိုးမိုးရေး စစ်ကြောင်းအနေဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဆောင်ရွက်ခြင်း၊ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ အုပ်ချုပ်ရေးစစ်ကြောင်းအနေဖြင့် ပန်းခင်းစီမံချက်(၂)ဖြင့် အသက် ၁၆ နှစ်မှ ၁၈ နှစ်ကြား ကျောင်းသား ကျောင်းသူများအား မှတ်ပုံတင်ပြုလုပ်ပေးခြင်း၊ ပညာရေးစစ်ကြောင်းအနေဖြင့် ရှေးဦးသူနာပြုစုခြင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ကြောင်းအနေဖြင့် အသက်ငါးနှစ်အောက် ကလေးငယ်များအား ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သူရ(ပြန်/ဆက်)**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်၌ ဗိုလ်တထောင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဘုန်းကျော် ဦးစီးသော တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ မီးမီး(လှိုင်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂၇)ရပ်ကွက် အမက(၂၄)ကျောင်းဝင်း အတွင်း/အပြင်၌ စက်တင်ဘာ ၇ ရက်က ဒဂုံမြို့သစ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးဝင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းနိုင် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ကြေးမုံ

○ ကျောဖုံးမှ

ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်းတွင် အမာခံကစားသမားအများစုပါဝင်လာပြီး ပြည်ပကလပ်များတွင် ကစားနေသူ ၁၀ ဦးလည်း ရွေးချယ်ခံထားရသည်။

ယင်းခြေစမ်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက သုဝဏ္ဏဘောလုံးကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပသည်။

မြန်မာ့ လက်ရွေးစင်အသင်းနည်းပြချုပ် ဖိုက်အွန် ဘိုင်နာက "နီပေါအသင်းနဲ့ကစားမယ့် ခြေစမ်းပွဲ နှစ်ပွဲဟာ မြန်မာအသင်းအတွက် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ဒီပွဲပြီးရင် မကာအိုအသင်းနဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲ ကစားရမှာဖြစ်လို့ ကြိုတင်ပြင်ဆင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ ကျွန်တော်ကိုင်တွယ်ခဲ့တဲ့ ခြောက်လအတွင်းမှာ မြန်မာအသင်းဟာ တဖြည်းဖြည်းတိုးတက်လာပြီး ပိုကောင်းအောင်ကြိုးစားသွားမှာပါ"ဟု ပြောကြားသည်။

နီပေါလက်ရွေးစင်အသင်းနည်းပြချုပ် အယ်လ်ဘာတိုက "ကမ္ဘာ့ဖလားခြေစစ်ပွဲ မတိုင်ခင် မြန်မာအသင်းနဲ့ ခြေစမ်းခွင့်ရလို့ နီပေါအသင်းအတွက် အထောက်အကူဖြစ်စေမှာပါ။ မြန်မာအသင်းမှာ ထိုင်းလိဂ်မှာ ကစားနေတဲ့သူ အများအပြားပါဝင်လာသလို နည်းပြကလည်း အတွေ့အကြုံရှိတဲ့နည်းပြဖြစ်တာကြောင့် တောင့်တင်းတဲ့အသင်း တစ်သင်းပါ။ ကျွန်တော်တို့အသင်းအနေနဲ့ ကိုယ့်အသင်းကိုပဲ အာရုံစိုက်ပြီး အကောင်းဆုံး ယှဉ်ပြိုင်သွားမှာပါ"ဟု ပြောကြားသည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MFF**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင် မူးယစ်ဆေး**



## ကျွန်းစုမြို့နယ်အတွင်းရှိ စိုက်ဧက ၂၀၀ အတွက် မတည်ချေးငွေ ပေးအပ်

**ကျွန်းစု စက်တင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်း မြစိမ်းရောင် (သမဝါယမကဏ္ဍ)မှ အသင်းသား တောင်သူများ၏ စိုက်ဧက ၂၀၀ အတွက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် ညီမျှသော မတည်ချေးငွေ(သွင်းအားစု/မျိုးစပါး)များကို စက်တင်ဘာ ၄ ရက်က မြိတ်မြို့ရှိ ကျွန်းစုမြို့နယ် သမဝါယမအသင်းစုခွဲရုံး၌ ပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အဆင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်း(မြစိမ်းရောင်) ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဆွေက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်း(မြစိမ်းရောင်) ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်စန်းဝင်းနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိသမာဓိ(လယ်ယာနှင့်အထွေထွေ)သမဝါယမအသင်းရှိအသင်းသားတောင်သူ၅၁ဦးထံ မတည်ချေးငွေ(သွင်းအားစု/မျိုးစပါး)များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ၌ လူငယ်သီတင်းပတ်လှုပ်ရှားမှုများ ကျင်းပ

## တောင်ကြီးပညာရေးဒီဂရီကောလိပ်

တောင်ကြီးပညာရေးဒီဂရီကောလိပ် လူငယ်သီတင်းပတ်လှုပ်ရှားမှုများကို စက်တင်ဘာ ၄ ရက် ညနေ ၄ နာရီခွဲက တောင်ကြီးမြို့ တောင်ကြီးပညာရေး ဒီဂရီကောလိပ် ကမ္ဘောဇဆောင်ရှေ့ကွင်းပြင်နှင့် ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တောင်ကြီးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းကြူဦးက ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်တို့အား အမှတ်တရလက်ဆောင်ပေးအပ်ပြီး ပထမနှစ်(ဒုတိယနှစ်ဝက်) ကျောင်းသား ကျောင်းသူများက Fitness Dance စွမ်းရည်၊ ဒုတိယနှစ်(ပထမနှစ်ဝက်)ကျောင်းသား ကျောင်းသူများက ကဗျာလွတ်စွမ်းရည်၊ ပထမနှစ်(ဒုတိယနှစ်ဝက်) ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

၎င်းနောက်တောင်ကြီးပညာရေးဒီဂရီကောလိပ် ကျောင်းအတွက် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းကြူဦးက လက်ခံရယူသည်။

ယင်းနောက် ဉာဏဗလစွမ်းရည်ပြသရာ ဒုတိယနှစ်(ဒုတိယနှစ်ဝက်)ကျောင်းသား ကျောင်းသူလေးများက သင်ရိုးသစ်၏ လုပ်ငန်းစဉ်ဖြင့်ပြသခြင်း၊ စာရိတ္တဗလစွမ်းရည်တွင် ကျောင်းသား ကျောင်းသူများက စာရိတ္တနှင့် ပြည်သူ့နီတိသင်ရိုးဝင်ဇာတ်လမ်းသရုပ်ဖော်တင်ဆက်ပြသခြင်း၊ မိတ္တဗလနှင့်ဘောဂဗလစွမ်းရည်ကိုဖွံ့ဖြိုးရေးဌာန၊ ICTဌာန ကျောင်းသား ကျောင်းသူများက ပြသကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လူငယ်သီတင်းပတ်လှုပ်ရှားမှုအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ တောင်ကြီးပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**





## လားရှိုးပညာရေးဒီဂရီကောလိပ်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လားရှိုးပညာရေးဒီဂရီကောလိပ်တို့ပူးပေါင်း၍ လူငယ်သီတင်းပတ် ဗလငါးတန်ဖွံ့ဖြိုးရေး လှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်းကို စက်တင်ဘာ ၆ ရက်က လားရှိုးပညာရေးဒီဂရီကောလိပ် ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ လားရှိုးပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်လွင်လွင်စန်းက လူငယ်စကားဝိုင်းကျင်းပခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး လူငယ်စကားဝိုင်းကိုစတင်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး(လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းသန္တာဦးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်သည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် လူငယ်နှင့်အနုပညာ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် Social Media၊ လူငယ်နှင့် မူးယစ်ဆေး ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းရာ လူငယ်စကားဝိုင်းတွင် ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## လှည်းကူးပညာရေးဒီဂရီကောလိပ်

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ လှည်းကူးပညာရေး ဒီဂရီကောလိပ်၌ စက်တင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီက လူငယ်သီတင်းပတ်အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲအခမ်းအနားကို အဆိုပါကျောင်းရှိ ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး ဟောပြောပေးမည့် စာရေးဆရာကြီး ကောင်းသန့်၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားပြီး ဆရာကြီး ကောင်းသန့်က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးကဏ္ဍအတွက် လူငယ်နှင့် ပြည်သူ့နီတိခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် လှည်းကူးပညာရေးဒီဂရီကောလိပ် ဒုတိယကျောင်းအုပ်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး စာရေးဆရာကြီး ကောင်းသန့်အား ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်က ဂါ၀ရပြုလက်ဆောင်ပြန်လည်ပေးအပ်သည်။



လူငယ်သီတင်းပတ်အခမ်းအနားကို လှည်းကူးပညာရေးဒီဂရီကောလိပ်တွင် စက်တင်ဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပရာ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များ၊ အသိပညာပေးပြခန်းများ၊ ပြဇာတ်နှင့် အငြိမ့်ကပြဖျော်ဖြေခြင်း၊ ဈေးရောင်းပွဲတော်နှင့် စာပေဟောပြောပွဲ၊ မိတ်ဆုံစားပွဲများကိုလည်း ကျင်းပကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

## မိုးညှင်းတက္ကသိုလ်



ကချင်ပြည်နယ် မိုးညှင်းတက္ကသိုလ်တွင် လူငယ်သီတင်းပတ် ဗလငါးတန်ဖွံ့ဖြိုးရေးလှုပ်ရှားမှုအဖြစ် မိတ္တဗလအနေဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာ ၆ ရက် နံနက် ၇ နာရီခွဲက မြရတနာဆောင်ရှေ့၌ စိုက်ပျိုးကြသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးကြရာတွင် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမဥ္ဇူမြင်းက သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်ကိုကိုဝင်းတို့က ပျိုးပင်များကို ကျောင်းသား ကျောင်းသူများအား ပေးအပ်ပြီး တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် ပျိုးပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ရွှေမိုးညှင်း**

## ရန်ကုန်စီးပွားရေးတက္ကသိုလ်

ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်၍ လူငယ်သီတင်းပတ် "လူငယ်များ ဦးဆောင်သည့် လူမှုစီးပွားတည်တံ့ရေး တီထွင်ဖန်တီးမှု" အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါတက္ကသိုလ် အခန်း(၁၀၃)၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်စီးပွားရေး တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာချိုချိုသိန်းက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူငယ်သီတင်းပတ် "လူငယ်များ ဦးဆောင်သည့် လူမှုစီးပွားတည်တံ့ရေးတီထွင် ဖန်တီးမှု" အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။



ထို့နောက် ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စပ်လျဉ်းပြီး လှုပ်ရှားမှုများအနက် ရန်ကုန်စီးပွားရေး တက္ကသိုလ် (လှိုင်နယ်မြေ) တွင် ဉာဏဗလအတွက် အသိပညာ ဗဟုသုတများမျှဝေရေး Social Innovation Workshop ပြုလုပ်ခြင်း၊ ဘောဂဗလအတွက် အောင်မြင်နေသော လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များက Sustainable Innovation ဆိုင်ရာ အတွေ့အကြုံများ မျှဝေခြင်းများကို powerpoint များဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများနှင့် အဖွဲ့ငါးဖွဲ့ခွဲကာ Brainstorming Game အစီအစဉ်ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သထုံမြို့ အထက(၁)

မွန်ပြည်နယ် သထုံမြို့နယ်တွင် ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီက သထုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌွေးက လူငယ်စကားဝိုင်း ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အစီအစဉ် တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး အထက(၁) သထုံကျောင်းမှ Grade -11 ကျောင်းသား ကျောင်းသူ လေးဦးတို့က "လူငယ်နှင့် စာပေ"၊ "လူငယ်နှင့် မူးယစ်ဆေးဝါး"၊ "လူငယ်နှင့် အားကစား" "လူငယ်နှင့် အောင်မြင်မှု" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူက ပြန်လည်ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းပါဝင်ဆွေးနွေးသူတို့က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ လူငယ်သီတင်းပတ်လှုပ်ရှားမှု မြင်ကွင်း


မန္တလေးပညာရေးဒီဂရီကောလိပ်


ဘားအံတက္ကသိုလ်


ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်



Naypyitaw State Academy


အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်


ပခုက္ကူပညာရေးဒီဂရီကောလိပ်


တောင်ငူပညာရေးဒီဂရီကောလိပ်


မြစ်ကြီးနားပညာရေးဒီဂရီကောလိပ်


မော်လမြိုင်ပညာရေးဒီဂရီကောလိပ်


မိတ္ထီလာစီးပွားရေးတက္ကသိုလ်



ဟသ္တာတတက္ကသိုလ်


ရတနာပုံတက္ကသိုလ်


ဖဲခူးတက္ကသိုလ်


စစ်ကိုင်းပညာရေးဒီဂရီကောလိပ်


တောင်ကုတ်ပညာရေးဒီဂရီကောလိပ်


တောင်ကြီးတက္ကသိုလ်

# ဟသ္သာတခရိုင်အဆင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးစည်းဝေး

**ဟသ္သာတ စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ်တွင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ခရိုင်အဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီက ဟသ္သာတမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဟသ္သာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဟသ္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဆရာကြီး ဦးတိုးဝင်းက ၂၀၂၂၊ ၂၀၂၃ ပညာသင်နှစ်များတွင် တက္ကသိုလ်ဝင်တန်း အောင်ချက်အခြေအနေများ၊ ယခုနှစ် အကောင်အထည်ဖော် ဆောင်ရွက်မည့် အောင်ချက်မြင့်မားရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်ပညာရေးမှူးရုံးမှတာဝန်ခံများ၊ အထက်တန်းကျောင်းများနှင့် အထက်တန်းကျောင်းခွဲကျောင်းအုပ်ကြီးများ၊ ကိုယ်ပိုင်ကျောင်းများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မော်လမြိုင်မြို့နယ်၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၇**

၂၀၂၃ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့်(၁၁)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မွန်ပြည်နယ် အမှတ် (၉) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(မော်လမြိုင်)နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ အထက်တန်းအဆင့် စာစီစာကုံးနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲကို ယနေ့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် မော်လမြိုင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် စာစီစာကုံးကိုကျောင်းသား ကျောင်းသူ ၂၀ နှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ ၁၀ ဦး တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။



**ခင်စန်းမြင့် (ပြန်/ဆက်)**

# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ လူငယ်နှင့်ဘက်စုံဖွံ့ဖြိုးရေးအသိပညာပေး ဟောပြောပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် လူငယ်နှင့် ဘက်စုံဖွံ့ဖြိုးရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ် ပင်မဆောင်ခန်းမ၌ ကျင်းပသည်။



ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ လူငယ်သီတင်းပတ်လှုပ်ရှားမှုအဖြစ် လူငယ်အသိပညာပေး ဟောပြောပွဲများနှင့် ပြိုင်ပွဲများကို ကျင်းပလျက်ရှိပြီး ယနေ့တွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာ ခင်သီတာနှင့် မြန်မာစာပါမောက္ခ(ငြိမ်း) ဒေါက်တာ စိုးနိုင်တို့က လူငယ်နှင့်ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။

အသိပညာပေး ဟောပြောပွဲသို့ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန္တာ၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာသဇင်လွင်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ရှိ ဌာနအသီးသီးမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၈၀၀ ကျော်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၉-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၇၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၃၂၅ | ၂၃၅၀ | ၂၃၃၀ | ၂၃၁၀ | ၂၄၁၀ | ၂၄၂၅ | ၂၃၁၅ | ၂၃၂၅ | ၂၃၆၀ | ၂၃၆၅ | ၂၃၆၅ | ၂၅၉၅ | ၃၃၁၅ |
| 95 Ron | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၀၅ | ၂၄၄၅ | ၂၄၇၀ | ၂၄၅၅ | ၂၄၃၀ | ၂၅၃၀ | ၂၅၄၅ | ၂၄၄၀ | ၂၄၅၅ | ၂၄၈၅ | ၂၄၈၅ | ၂၄၈၅ | ၂၇၁၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၄၁၅ |
| HSD (50 ppm) | ၂၅၅၅ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၅၉၅ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၄၇၅ |
| HSD (10 ppm) | ၂၅၅၅ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၅၉၅ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၆၆ | ၂၂၄၂ |
| 95 Ron | ၂၂၈၃ | ၂၃၆၂ |
| HSD (500 ppm) | ၂၃၆၄ | ၂၄၄၀ |
| HSD (50 ppm) | ၂၄၃၇ | ၂၅၁၆ |
| HSD (10 ppm) | ၂၄၃၇ | ၂၅၁၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**❂ ဆည်တော်ကြီးမှ**

ယခုနှစ် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးရာသီတွင် မိုးစပါးနှင့် အခြားသီးနှံများကို တောင်သူကြီးများ အောင်မြင်ဖြစ်ထွန်းသည့် သီးနှံကောင်းများရရှိနိုင်ရန်အတွက် ရေပေးဝေမည့်အစီအစဉ်၊ ရေလှည့်ဇယားများဖြင့် ဇွန် ၁၅ ရက်မှစတင်ပေးဝေခဲ့ရာ မိုးစပါးလျာထားစိုက်ပျိုးမှုဧက ၇၅၆၆၀ ရှိသည့်အနက် ယနေ့အချိန်ထိ ၇၃၅၇၁ ဧက စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း၊ လျာထားဧကအားလုံး စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် ရေလှောင်တမံ၌ ရေလုံလောက်စွာ သိုလှောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

" ဆည်တော်ကြီးရေလှောင်တမံကို တောင်သူတွေအတွက် စိုက်ပျိုးရေပေးဝေနိုင်အောင် ရေတွေသိုလှောင်ထားရှိပြီးဖြစ်ပါတယ်။ ရေလှောင်တမံရဲ့ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၃ ဒသမ ၆၃ သိန်းဖြစ်ပြီးတော့ ယနေ့အထိ ရေလှောင်ပမာဏ ဧကပေ ၃ ဒသမ ၁၉ သိန်းကို တမံရဲ့ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့အညီ သိုလှောင်ထားရှိပြီးဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာနောက်ဆုံးပတ်မှာ ကန်ရေပြည့် ရေလှောင်ပမာဏ ပြည့်မီအောင် သိုလှောင်သွားမှာဖြစ်ပါတယ်"ဟု အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အယ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် တွေ့ကြုံခံစားရမည့် အခြေအနေများကို ကြိုတင်စီမံဆောင်ရွက်သည့်အနေဖြင့် ဆည်ရေသောက်တောင်သူများပါဝင်သည့် ရေအသုံးချသူများအဖွဲ့ WUG များကို ရေအလေအလွင့်အနည်းပါးဆုံးဖြင့် စိုက်ပျိုးရေကိုစနစ်တကျ သုံးစွဲတတ်စေရန်နှင့် WUG အဖွဲ့များ၏ တာဝန်ဝတ္တရားများကို နားလည်သဘောပေါက်စေရန် အသိပညာပေးဆွေးနွေးခြင်းများကို အဆိုပါဌာနရှိ တာဝန်ရှိသူများက ဦးဆောင်၍စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**



ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၉) ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ ခုတင် ၅၀၀ အထူးကုဆေးရုံဝင်းအတွင်း၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်နောင်ဖြူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်သန်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်နှင့် စည်ပင်ဝန်ထမ်းများအပါအဝင် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ၆၀ တို့က စက်တင်ဘာ ၆ ရက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကျော်ဆန်းမြင့်



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် မြို့မရပ်ကွက် ငှက်ပစ်တောင် ဘုန်းတော်ကြီးကျောင်းတွင် စက်တင်ဘာ ၇ ရက် နံနက် ၇နာရီက မြို့မရဲစခန်းမှူး ဒုတိယရဲမှူးဝင်းဇော် ၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင် ၁၈ ဦးတို့က ချုံနွယ်မြက်ပင်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်းနှင့် စေတီတော်ရင်ပြင် သန့်ရှင်းရေးတို့ကို စုပေါင်းဆောင်ရွက်စဉ်။

အောင်သူ(ပြန်/ဆက်)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၂၊ မြေကွက်အမှတ်- ၁၁၆၀/၁၄၀၈၊ ဧရိယာ (၀.၀၅၅) ဧက၊ အကျယ် (၄၀x၆၀)ပေအနက် တရားဝင်မခွဲစိတ်ရသေးသောမြေ၏ ခေါင်းရင်းဘက်ခြမ်း အကျယ် (၂၀x၆၀)ပေ၊ မြေအမျိုးအစား- နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၁၁၆၀/၁၄၀၈)၊ ဦးဘဂျမ်းလမ်း၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင် ဒေါ်လှကျော့ယဉ် [၁၁/စတန(နိုင်)၀၅၃၀၈၆] ၎င်း၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၁၁၆၇၄/၂၀၂၂ (၈-၇-၂၀၂၂) ရရှိသူ ဦးဆန်းနိုင်ဝင်း (ဘ) ဦးကိုကိုလှ [၁၁/စတန(နိုင်)၀၉၇၃၉၃]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအေးမင်းဇော် — အထက်တန်းရှေ့နေ (စဉ်-၄၈၉၃၉)**

**ဦးကျော်မင်းနိုင် — အထက်တန်းရှေ့နေ (စဉ်-၄၈၈၈၀)**

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ် (၅) ဟုခေါ်တွင်သော အကျယ်အဝန်း (ပေ ၄၀x ပေ ၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ပေ၂၀x ပေ၆၀) ဂရန်မူရင်းခြမ်းမြေနှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် (မြေကွက်အမှတ်(၆)နှင့်ကပ်လျက်ဘက်အခြမ်း)တို့အား မြေအမည်ပေါက် ဒေါ်ဝင့်ဖြူသိန်း [၁၂/ရပသ(နိုင်)၁၀၅၇၈၂]၊ ဦးလင်းထက်မောင် [၁၂/ရပသ(နိုင်)၀၉၉၃၁၅]တို့က ပိုင်ဆိုင်လက်ဝယ်ထားရှိစဉ် ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုရောင်းချသူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သဇင်အေး LL.B, D.B.L, D.I.L, D.I.R တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**

**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း- ၀၉-၄၅၁၃၇၈၀၀၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/၅)၊ မြေကွက်အမှတ်(၁၆၄/က)၊ အကျယ်အဝန်း (၀.၀၂၇ဧက)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၅/၅)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၆၄/က) ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထင်ကျော်စွာ [၁၂/တမန(နိုင်)၀၅၆၆၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းမွေဖောင်ခမ်း(ခ)စုစုစံ [၁၃/မဆတ(နိုင်)၀၄၃၃၁၃]မှ အပြီးအပြတ်ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းမွေဖောင်ခမ်း(ခ)စုစုစံ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းမင်းစိုး LL.B.WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**

**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-450023651,09-793568375**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်း၊ Golden City Condo၊ ယူနစ်အမှတ်(B2-28-01)၊ အကျယ်အဝန်း (၁၇၃၉)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ကားပါကင်(၁)နေရာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို Golden Land Real Estate Development Co., Ltd. ထံမှ ဦးရုံးစိန် (၁၃/တကန(နိုင်)၁၀၅၃၅၂)က ဝယ်ယူခဲ့ပါသည်။ ဦးရုံးစိန် ကွယ်လွန်၍ ဗုဒ္ဓဘာသာမြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူ ဒေါ်ရင်မှုံမြင့်(ခ)ဒေါ်စန်းစန်းညို (၉/မရတ(နိုင်)၁၀၆၁၂၂)က အမွေဆက်ခံပိုင်ဆိုင်၍ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝယ်သူမှ လက်ရောက်တရားဝင် နေထိုင်ပိုင်ဆိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပထမအရစ်စရံငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ဖြူဖြူစိုး (L.L.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀ရ၅၄)**

**တိုက်-၉/၁၁၊ အခန်း(၂၀၂/အေ)၊ ဒုတိယထပ်၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၁)၊ ပေါက်ကံလမ်း၊ မြေကွက်အမှတ် (၅၆၅)ရှိ ဦးသန်းဦး (PAN-107234) အမည်ဖြင့် မှတ်သားတည်ရှိသည့် စလစ်မြေ ပေ(၂၀x၆၀) မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသန်းဦး(ကွယ်လွန်)၏ ဇနီးဖြစ်သူ ဒေါ်ယဉ်ယဉ်ဦး [၁၂/ဥကမ(နိုင်)၁၃၈၅၂၂]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဝင်း [၇/သဝတ(နိုင်)၀၆၇၇၅၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သင်းသင်းဆွေ (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၄၈)**

**အမှတ်(၂၉၁)၊ သီရိမင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၀၁၅၇၃၃၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၆ အိုင်၊ မြေကွက်အမှတ် ၁၁၂ အေ ၁/၇အေ၊ ဧရိယာ (၀.၀၇၉) ဧက၊ မြေကွက်တည်နေရာအမှတ် (၈ အေ) ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးကျင်လင်း [၁၁/စတန(နိုင်)၀၀၄၆၈၄]အမည်ပေါက် မြေပိုင်မြေအား ဦးကျင်လင်း [၁၁/စတန(နိုင်)၀၀၄၆၈၄]မှ မြေကွက်အမှတ်- ၁၁၂ အေ၁/၇အေ၊ ဧရိယာ (၀.၀၇၉)ဧကနှင့် မြေကွက်အမှတ် (၁၁၂အေ၁/၇ဒီ(လမ်း)၊ ဧရိယာ(၀.၀၂၇)ဧကတို့ဖြင့် ချုပ်ဆိုထားသော အမည်ပေါက် အရောင်းအဝယ် စာချုပ်အမှတ် ၂၄၇၄/၂၀၀၄ (၁၂-၈-၂၀၀၄) မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် (၅)၊ အခန်းအမှတ် (၀၀၂)ကို ဌာနနှင့် အကျိုးတူဆောင်ရွက်သော ယုဇနဆောက်လုပ်ရေးမှ ဒေါ်ပြုံးမြတ်ခိုင် [၁၂/ကမရ(နိုင်)၀၂၂၈၃၉]က ဝယ်ယူခဲ့ပြီး ၎င်းထံမှ ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးအောင်ကိုဦး [၁၁/အမန(နိုင်)၀၄၃၇၉၄]နှင့် ဒေါ်ခင်သက်ဝေ [၇/ရတရ (နိုင်) ၁၁၀၆၉၀]က ၎င်းတို့အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန**

**သွေးသည် အသက်**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေ အနောက်(၁)လမ်း၊ အမှတ်-၁၇၂ ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက် (ဆောက်လုပ်ဆဲအဆောက်အဦ)ရှိ အခန်းအမှတ်- ပထမထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂½ပေx ၅၄ပေ)ခန့်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးစိုးနိုင် [၁၂/မဂတ(နိုင်)၀၀၀၉၂၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးသန့်ဇော်ဝင်းဦး (LL.B., LL.M)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**

**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊ Time Square Condoi**

**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉- ၉၆၅၁၇၈၀၁၈၊ ၀၉- ၂၅၀၀၆၀၃၁၃**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၃၊ မြေကွက်အမှတ် ၅၀၂/က၊ အကျယ်အဝန်း ၂၀ပေ ၆လက်မx ၆၀ပေ၊ ၁၂၃၀ စတုရန်းပေ၊ ၀.၀၂၈ ဧကရှိနှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၃ ရပ်ကွက်၊ စံရိပ်ငြိမ်လမ်းမကြီး၊ အမှတ်-၅၀၂/က ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးစန်းလွင် [၁၂/ဒဂတ(နိုင်)၀၄၀၁၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**

**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊ Time Square Condo**

**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

သံဖြူဇရပ်မြို့၊ ကြာကန်ရပ်ကွက်၊ ကြာပုဏ္ဏာရိပ်လမ်း၊ အမှတ်(၃)နေ ဦးဇော်ဝင်း၏ သားကြီးဖြစ်သူ နိုင်ငံသားစိစစ်ရေးအမှတ် [၁၀/သဖရ(နိုင်) ၁၃၇၁၆၀] ကိုင်ဆောင်သူ ဦးထက်ဝေလင်းသည် မိဘများပြောဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များ ပြုလုပ်ခြင်း၊ ငွေကြေးအလွဲသုံးစားပြုလုပ်မှုများ အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိသားစုအပေါ် ကိုယ်စိတ်နှစ်ပါးဆင်းရဲစေရန် ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ခြင်းစသည့် အပြုအမူများကြောင့် ယနေ့မှစ၍ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ငွေရေးကြေးရေးကိစ္စရပ်များအပါအဝင် မည်သည့်ကိစ္စမှ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးဇော်ဝင်း**

**[၁၀/သဖရ(နိုင်) ၀၀၃၇၄၇]**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ကျောက်ဖြူမြို့နယ် တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၀

ရဲတပ်ကြပ်ကြီး ဇာနည် — **တရားလို**

နှင့်

ဒေါ်ခင်မျိုးလတ် — **တရားပြိုင်**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့၊ မြို့လယ်ရပ်ကွက်နေ ဒေါ်ခင်မျိုးလတ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ရဲတပ်ကြပ်ကြီး ဇာနည်က လင်မယားကွာရှင်းပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်၊ (၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)လိုအပ်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်နီလာထွန်း)**
**မြို့နယ်တရားသူကြီး**
**ကျောက်ဖြူမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၄)၊ မြေကွက်အမှတ် (၁၀၈၀)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးမောင်သိန်း အမည်ဖြင့် မှတ်သားထားရှိသော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀ x ၆၀) ပေရှိ (မြေကွက်အမှတ်-၁၀၈၁)နှင့်ကပ်လျက်အခြမ်း) မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၀၈၀)၊ ဗန္ဓုလလမ်း၊ (၁၀၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဟုခေါ်တွင်သည့် အိမ်နှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားရှိလျက် အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးသန်း [၁၂/ဗဟန(နိုင်)၀၅၉၁၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူမည်ဖြစ်သဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စန္ဒာမွေး**

**LL.B, M.P.A, D.B.L, D.M.L, D.I.L, D.APSY, D.I.R, D.G.I**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၄၈)**

**အမှတ် (၁၄၄/၁)၊ နံ့သာဖြူလမ်း၊ (၁၄/၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၀၀၂၂၂၅၀၊ ၀၉-၉၇၀၃၄၈၈၄၄**

## ဖြည့်စွက်ဖတ်ရှုပါရန်

(၃၁-၇-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၈) တွင်ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်နေရည်လင်း (စဉ်-၉၈၄၀) မှ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်တွင် ကျွန်ုပ်၏ အမှုသည် ဦးဖုန်းမင်းရွှေ [၉/ကပတ(နိုင်)၀၀၀၂၁၀]၏ လွှဲအပ်ချက်အရဟု ဖြည့်စွက်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၀၊ မြေကွက်အမှတ်- ၁၇၄/တ၊ မြေကွက်တည်နေရာအမှတ် (၁၇၄/တ)၊ မင်းရဲကျော်စွာလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်ကျင်ထွေး [၁၄/လပတ(နိုင်)၀၇၂၉၄၂] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဒေါ်ကျင်ထွေး(မိခင်)၊ ဦးစံငွေ(ဖခင်)နှင့် သား၊ သမီး(၇)ဦးအနက် ဒေါ်ကျင်ကျင်ဦး၊ ဒေါ်အေးအေးနွဲ့၊ ဒေါ်ယုယုဌေးတို့သည် (အပျိုကြီး) ဘဝဖြင့် အသီးသီးကွယ်လွန်ကြသဖြင့် ကျန်ရစ်သူ မောင်နှမ (၄)ဦးဖြစ်သည့် ဒေါ်ဝင်းဝင်းမော် [၁၄/လပတ(နိုင်)၀၃၄၀၃၄]၊ ဦးဇော်မျိုးသန့် [၁၄/လပတ(နိုင်)၀၉၉၉၀၈]၊ ဦးဇော်နိုင်လင်း [၁၄/လပတ(နိုင်)၀၀၁၂၃၆]၊ ဦးကျော်မြင့်ခိုင် [၁၄/လပတ(နိုင်)၁၁၈၅၀၅]တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သား၊ သမီး၊ ညီ၊ အစ်ကို၊ အစ်မ၊ ညီမများတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ မိမိတို့သာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးကြောင်း လက်မှတ်များ၊ သေဆုံးသည်မှာမှန်ကန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ဂရန်၊ နိုင်/ကတ်နှင့် ဦးဇော်နိုင်လင်းထံမှ GP No(၈၆၀၅/၂၀၂၀) (၂၄-၇-၂၀၂၀)၊ ဦးဇော်မျိုးသန့်ထံမှ GP No(၈၆၀၆/၂၀၂၀) (၂၄-၇-၂၀၂၀)၊ ဦးကျော်မြင့်ခိုင်ထံမှ GP No(၈၆၀၇/၂၀၂၀) (၂၄-၇-၂၀၂၀)တို့ဖြင့် ရရှိသူ ဒေါ်စပယ်နှင့် ဒေါ်ဝင်းဝင်းမော်တို့မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၀၊ မြေကွက်အမှတ်- ၁၇၃/တ၊ မြေကွက်တည်နေရာအမှတ် (၁၇၃/တ)၊ မင်းရဲကျော်စွာလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစံငွေ [၁၄/လပတ(နိုင်)၀၇၂၉၂၅] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးစံငွေ(ဖခင်)၊ ဒေါ်ကျင်ထွေး(မိခင်)နှင့် သား၊ သမီး (၇)ဦးအနက် ဒေါ်ကျင်ကျင်ဦး၊ ဒေါ်အေးအေးနွဲ့၊ ဒေါ်ယုယုဌေးတို့သည် (အပျိုကြီးဘဝ)ဖြင့် အသီးသီး ကွယ်လွန်သဖြင့် ကျန်ရစ်သူ မောင်နှမ (၄)ဦးဖြစ်သည့် ဒေါ်ဝင်းဝင်းမော် [၁၄/လပတ(နိုင်)၀၃၄၀၃၄]၊ ဦးဇော်မျိုးသန့် [၁၄/လပတ(နိုင်)၀၉၉၉၀၈]၊ ဦးဇော်နိုင်လင်း [၁၄/လပတ(နိုင်)၀၀၁၂၃၆]၊ ဦးကျော်မြင့်ခိုင် [၁၄/လပတ(နိုင်)၁၁၈၅၀၅]တို့မှ တရားဝင် အမွေဆက်ခံခွင့်ရှိသည့် သား၊ သမီး၊ ညီ၊ အစ်ကို၊ အစ်မ၊ ညီမများတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော မွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ကိတ္တိမသား/သမီးမွေးစားထားခြင်းလည်းမရှိပါကြောင်း၊ မိမိတို့သာ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးကြောင်းလက်မှတ်များ၊ သေဆုံးသည်မှာမှန်ကန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ဂရန်၊ နိုင်/ကတ်နှင့် ဦးဇော်နိုင်လင်းထံမှ GP.NO (၈၆၀၅/၂၀၂၀) (၂၄-၇-၂၀၂၀)၊ ဦးဇော်မျိုးသန့်ထံမှ GP NO.(၈၆၀၆/၂၀၂၀)(၂၄-၇-၂၀၂၀)၊ ဦးကျော်မြင့်ခိုင်ထံမှ GP NO (၈၆၀၇/၂၀၂၀) (၂၄-၇-၂၀၂၀)တို့ဖြင့် ရရှိသူ ဒေါ်စပယ်နှင့် ဒေါ်ဝင်းဝင်းမော်တို့မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉၈/ပဲမိုကုန်း)၊ မြေကွက်အမှတ်(၈၈/၉၄၊ ၈၈/၉၅၊ ၈၈/၉၆)၊ အကျယ်အဝန်း (၆၀ ပေ X ၆၀ ပေ)ရှိ မြေပိုင်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ဝဲဘက်ခြမ်း၊ အကျယ်အဝန်း (၂၁ ပေ X ၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(ခ/၁၁၉)၊ နှင်းဆီလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ( ၆ - ၉ - ၂၀၂၃ )ရက်နေ့က ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစင်မောင်ရို(စဉ် - ၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉ - ၄၃၀၈၈၅၄၉

## "(၃-၉-၂၀၂၃)ရက်စွဲပါ ဒေါ်သန်းဌေး [၁၂/ရပသ(နိုင်)၁၃၉၄၃၉]၏ ကြေးမုံသတင်းပါ အများသိစေရန်ကြေညာခြင်း ခေါင်းစီးပါ ကြော်ငြာအား သိရှိစေရန် ပြန်လည်ကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် (၄၆၉/က)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမိ(ခ)ဒေါ်အေးမိစံ [၁၂/မဂတ(နိုင်)၀၃၃၀၁၄] ကိုင်ဆောင်သူမှ (၁၀-၁၂-၁၉၉၇)ရက်နေ့တွင် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၆/သံဒင်းရပ်ကွက်၊ မြေတိုင်း(၄၅)၊ ရောဝတီပတ်လမ်း၊ အမှတ် (၁၀၁၈)၏ ဧရိယာ အလျား(၄၀)ပေx အနံ(၆၀)ပေရှိသည့် မြေအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်ဦးထံမှ "နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် သဘောတူစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားခဲ့ပါသည်။ အဆိုပါမြေအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမိ(ခ)ဒေါ်အေးမိစံ တစ်ဦးတစ်ယောက်တည်းမှသာ ဝယ်ယူထားခဲ့သည်ကို ဒေါ်သန်းဌေး၏ခင်ပွန်းဖြစ်သူ ကွယ်လွန်သူ ဦးတင်အောင်မြင့် [၁၂/မဂဒ(နိုင်) ၀၉၃၄၁၇] ကိုယ်တိုင်သိရှိခဲ့ပြီးဖြစ်ပါသည်။ ဦးခင်မောင်ဦးထံမှ ဦးတင်အောင်မြင့်သည် မြေကွက်အား တစ်ကြိမ်တစ်ခါကမျှ ဝယ်ယူခဲ့ခြင်းမရှိသောကြောင့် ဦးတင်အောင်မြင့်၏ဇနီးဖြစ်သူ ဒေါ်သန်းဌေးမှ ဆက်လက်ပိုင်ဆိုင်ထားရှိပါကြောင်း ကြေညာချက်သည် မှန်ကန်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လင်းလင်းအောင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၅၁)**
**အမှတ်(၁၈၉)၊ ကော့သောင်းလမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း- ၀၉-၄၂၁၀၈၂၃၆၀**

## အသိပေးကြေညာခြင်း

မင်းဘူးခရိုင်၊ စလင်းမြို့၊ ပေါင်းပင်ဇင်းရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (G-ပေါင်းပင်ဇင်း)၊ ဦးပိုင်အမှတ် (၁၃)၊ မြေကွက်အမှတ်(-)၊ ဧရိယာ (၀.၀၃၂)ဧကရှိ မြေကွက်အား ဦးမြင့်အောင် [၈/စလန(နိုင်)၀၉၄၀၈၆] အမည်ဖြင့် မင်းဘူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်အမှတ်တွဲအမှတ် DORPNO (69 V/1993-1994) ဖြင့် မြေငှားဂရန်လျှောက်ထားခဲ့ရာ ဦးမြင့်အောင်အမည်ဖြင့် (၂၈-၉-၁၉၉၃)ရက်နေ့မှ (၂၇-၉-၂၀၀၈)ရက်နေ့အထိ ( ၁၅ )နှစ်ဂရန်ရရှိခဲ့ပြီး အဆိုပါမြေငှားဂရန်သည် မိမိလက်ဝယ်တွင် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန်ထုတ်ယူခွင့်ပြုနိုင်ပါရန် တင်ပြလာပါသည်။

အဆိုပါပျောက်ဆုံးသွားသည့် ဦးမြင့်အောင်အမည်ဖြင့် ထုတ်ပေးထားရှိသည့် မြေငှားဂရန်အား မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် တင်ပြလာမှုအပေါ် ကန့်ကွက်လိုသည့်ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့်အထောက်အထားများယူဆောင်လာ၍ စလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား ဒုတိယမိတ္တူမှန် မြေငှားဂရန် ထုတ်ပေးမည်ဖြစ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စလင်းမြို့**

## အသိပေးကြေညာခြင်း

မင်းဘူးခရိုင်၊ စလင်းမြို့၊ ပေါင်းပင်ဇင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (G- ပေါင်းပင်ဇင်း) ဦးပိုင်အမှတ်(၄၀)၊ မြေကွက်အမှတ်(-)၊ ဧရိယာ (၀.၀၉၂)ဧကရှိမြေကွက်အား ဦးမြင့်အောင် [၈/စလန(နိုင်)၀၉၄၀၈၆] အမည်ဖြင့် မင်းဘူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်အမှုတွဲအမှတ် DORPN0 (68 V/1993-1994) ဖြင့် (၂၈-၉-၁၉၉၃)ရက်နေ့မှ ( ၂၇-၉-၂၀၂၃ ) ရက်နေ့အထိ နှစ် ၃၀ ) ဂရန်ရရှိခဲ့ပြီး အဆိုပါမြေငှားဂရန်သည် မိမိလက်ဝယ်တွင် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန်ထုတ်ယူခွင့်ပြုနိုင်ပါရန် တင်ပြလာပါသည်။

အဆိုပါ ပျောက်ဆုံးသွားသည့် ဦးမြင့်အောင်အမည်ဖြင့် ထုတ်ပေးထားရှိသည့် မြေငှားဂရန်အား မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန်တင်ပြလာမှုအပေါ် ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့်အထောက်အထားများယူဆောင်လာ၍ စလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား ဒုတိယမိတ္တူမှန် မြေငှားဂရန် ထုတ်ပေးမည်ဖြစ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စလင်းမြို့**

## ဆရာကြီး ဦးလှမင်း(B.Ed)

**အ.ထ.က(၄) စမ်းချောင်း(ငြိမ်း)**
**ရုံးဒေါင့်ကျေးရွာ၊ ကျိုက်လတ်မြို့**

## အသက် (၈၄)နှစ်

ရုံးဒေါင့်ကျေးရွာနေ (ဦးရွှေဒင်္ဂါး-ဒေါ်သန်းရင်)တို့၏ သား၊ တံတားမြို့နေ (ဦးသာထွန်းဇံ-ဒေါ်အေးမြင့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ်(၁၆၄)နေ ဒေါ်မြင့်သန်း (အ.ထ.က၊ တံတားမြို့-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုရဲမင်းဦး(ဒေါက်တာ-U.S.A)၊ ကိုအောင်မိုးဦး-မချိုချိုရည်၊ ကိုဇင်မင်းထက်တို့၏ ဖခင်၊ မဆုရည်နှင်း၏ အဘိုး၊ (ဦးကျင်ရွှေ-ဒေါ်ကျင်မြိန်း)၊ (ဦးဘာဘူ-ဒေါ်ထွေးရှင်)၊ (ဦးမောင်စိန်-ဒေါ်ကျင်ရွှေ)၊ (ဒေါ်ကျင်ဟုန်)၊ (ဒေါ်ကျင်ယုန်)တို့ ၏ မောင်၊ (ဦးကျင်တိတ်-ဒေါ်ငွေငွေ)တို့၏ အစ်ကို ဦးလှမင်းသည် ၆-၉-၂၀၂၃ ရက် နံနက် ၂ နာရီတွင် ဂရင်းဟံသာဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၀-၉-၂၀၂၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၉-၂၀၂၃ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ခ)၊ မြရတနာ (၁)လမ်း၊ မြေကွက်အမှတ် (၄၈၂ ၃/၂ + ၄၈၃ ၃/၂) ပေါ်တွင်ဆောက်လုပ်ထားသော တိုက်အမှတ် ( ၄၈၂/B) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ ပထမထပ်၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ပိုင်ဆိုင်ထားရှိသူ ဒေါ်ခင်မေမေသိန်း [၁၂/စခန(နိုင်) ၀၀၃၅၉၅] ထံမှ ဒေါ်မေသဲဖြူ [၁၂/ဗဟန(နိုင်)၁၁၇၄၈၈]မှ အပြီးအပိုင်ဝယ်ယူလက်ရောက်ရယူ ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသဲဖြူ တစ်ဦးတစ်ယောက်တည်းသာလျှင် လက်ဝယ်ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါတိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသဲဖြူ မသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ပေါင်နှံ၊ ပေးကမ်း လွှဲပြောင်းရောင်းချခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသဲဖြူ၏ ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂-တိုးချဲ့)၊ တော်ဝင်လမ်းသွယ်၊ မြေကွက်အမှတ်(၇)၊ (အလျား ၆၀ပေx အနံ ၈၀ပေ) အကျယ်အဝန်းရှိ ဒေါ်နှင်းနွယ်ဦး [၁၂/ဥကမ(နိုင်)၀၀၁၂၈၇] အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နှင်းနွယ်ဦးမှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph: 09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09-420080932, 09-983837110** |

## "ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆)၊ အုတ်ကျင်းဘူတာရုံလမ်း၊ လှူနေရပ်ကွက်(၁၆)၊ မြေကွက်အမှတ်(၃၄ပေါ်တွင် တည်ဆောက်ထားသော (၂-ခန်းတွဲ) (၇-ထပ်)တိုက်အဆောက်အဦ၊ အကျယ်အဝန်း (၁၂ပေခွဲ x ၅၀ပေ)ရှိ ရေ+မီး စုံလင်စွာပါဝင်သော (မြေညီ+ထပ်ခိုး) (ခြေရင်းခန်း/ဘီ) တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်" တို့ကို ဝယ်ယူမည်ဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိပါက "ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူများက အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိထားဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတို့ (၂-ဦး)တည်းတွင်သာ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း၊ မိမိတို့၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် ကြိုတင်လွှဲပြောင်း ရောင်းချထားခြင်းတို့ မရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူများဖြစ်ကြသော **၁။ ဦးလမင်းထွန်း [၁၄/ကလန(နိုင်)၀၀၁၅၈၉] ၂။ ဒေါ်အေးခိုင်ဝင်း [၉/ပမန(နိုင်)၀၀၀၁၇၂]**တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ထားဆွိ LL.B, D.I.L, Dip in Eng အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**09-972734996, 09-791454531**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ (၀.၁၁၀)ဧက၊ မြေကွက်အမှတ် (ဥသ-၂၀၅၁)၊ ဒေါ်အေးအေးမာ [၈/သရန(နိုင်)၀၂၆၅၇၇] (ဘ) ဦးသောင်းတင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးကျော်ကျော်ရွှေ [၁၂/အစန(နိုင်) ၁၂၆၀၅၈] (ဘ) ဦးအုန်းရွှေမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၂၈၂၅/၂၀၂၂ (၆-၇-၂၀၂၂)တင်ပြ၍ ဒေါ်ယုယုအောင် [၁၂/မဘန(နိုင်)၀၇၂၄၉၇] (ဘ) ဦးအောင်မြင့်အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ခင်ဆွေရည်

## အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အမှတ် (၃၀၇-က)၊ ရာဇသင်္ကြန် (၇)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပနေ ဦးမောင်မောင်ဌေး၏ ဇနီး၊ ဦးစည်သူမောင်-ဒေါက်တာနန္ဒာဝင်း၊ ဒေါက်တာတင်နိုင်လင်း-ဒေါ်မီမီမောင်၊ ဦးပြည်စိုးမောင်-ဒေါ်မေသူမြင့်ရွှေတို့၏ မိခင်၊ မြေး ခြောက်ယောက်တို့၏အဘွား ဒေါ်ခင်ဆွေရည်သည် ၇-၉-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား ၉-၉-၂၀၂၃ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၉-၂၀၂၃ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်- ၆၃၉+၆၄၀(က)၊ ဧရိယာ (၀.၀၈၂)ဧက၊ အကျယ်အဝန်း(၃၆၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ်-၆၃၉+၆၄၀(က)၊ ဗိုလ်စောနောင်လမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်နေသူ ဦးအေးမင်း [၁၀/ပမန(နိုင်)၀၆၂၃၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးခင်မောင်မြတ် [၁၂/ကတန(ပြု)၀၀၀၆၉၀]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထား ပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးခင်မောင်မြတ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမီလှိုင်(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၆၅)**
**Ph- ၀၉-၄၂၈၂၂၇၃၁၃**
**အမှတ်-၁၆၅၊ ပထမထပ်၊ ၃၈လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အကွက်အမှတ်- ၆၉၉ **(မြေကွက်တည်နေရာအမှတ်- မ/၆၈၊ မင်္ဂလာသီရိကျောင်းလမ်း (ဘီအိုစီ)၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်) ဟုခေါ်တွင်သော (အလျား ၂၄x အနံ ၇၀)ပေ အကျယ်အဝန်းရှိ မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်၊ စားပင်၊ မြေပေါ်မြေအောက်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးချန်ထွန်း [၁၂/ဗတထ(နိုင်)၀၁၅၀၉၁]နှင့် ဦးခင်မောင်ဝင်း [၉/မနမ(နိုင်)၀၁၁၄၇၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဘိုလင်းဒုနူန်း [၄/ထတလ(နိုင်)၀၃၀၁၇၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေမှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအုပ်လင်း (LLB, LLM, MRes, PhD) အထက်တန်းရှေ့နေ (စဉ်-၄၃၄၂၃)**
**တိုက်အမှတ် (၄၅)၊ ၅-လွှာ(ဘီ)၊ (၅၁)လမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ် ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၆၄၆၇၀၂၃၉**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ လူနေရပ်ကွက်အမှတ် ၈၊ မဟာမြိုင်(၃)လမ်း၊ မြေကွက်အမှတ်-၃၁၅(ခ)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဒေါ်တင်အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်အပါအဝင် မြေကွက်ပေါ်ရှိလူနေအိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူပိုင်ရှင် ဒေါ်စောထူးထူးပိုင် [၁၂/ရပသ(နိုင်)၀၅၇၃၇၂]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နှင်းမိုးအေး [၁၂/အစန(နိုင်)၀၆၉၈၅၄]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်နှင်းမိုးအေး [၁၂/အစန(နိုင်)၀၆၉၈၅၄]** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **တိုက်အမှတ်-၁၀၊ အခန်း-၁၈၊ သံမဏိစက်ရုံဝင်း၊** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| **ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်။** | **ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၅၁၈၉၆၈၉** |

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ် (၁၄၂)၊ စက်မှုလယ်ယာ(၁)လမ်း၊ အကျယ်အဝန်း (အလျား ၄၀x အနံ ၆၀)ပေ၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေရှိသော နှစ်(၆၀) ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (အလျား ၂၀x အနံ ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးအား မူလအမည်ပေါက် ဒေါ်ခင်မေမြင့် (V/RGN - ၀၀၈၆၆၄) ထံမှ အဆက်အစပ်စာချုပ်စာတမ်းများဖြင့် လက်ရှိတရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန္တာဝင်း(ခ)ဒေါ်သဇင်အောင် [၁၂/အစန(နိုင်)၂၀၄၇၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းကျော်ကျော်အောင် [၈/ပခက(နိုင်)၁၉၂၀၄၀]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းကျော်ကျော်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန္တာဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၆၄)**
**အမှတ်-၃၁၈/က၊ ဗိုလ်ခနို့ (၂)လမ်း၊ (၇) ရပ်ကွက်၊**
**ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၄၃၁၄၃၉၂၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၃ ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်းမကြီး၊ အမှတ်- ၁၂/က၊ အခန်းအမှတ်- B/8၊ (၇-လွှာ)၊ ၁၇ပေx ပေ၆၀ အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို တရားဝင်လက်ရှိလက်ရောက်ပိုင်ဆိုင်သူဖြစ်သော ဦးစောနိုင်ထွေး [၁၂/လမန(နိုင်)၀၀၈၀၈၆]နှင့် ဒေါ်တင်နီလာဝင်း [၁၂/မဂဒ(နိုင်)၂၁၀၃၁၀] တို့က ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကေသီမြင့် [၁၂/အစန(နိုင်)၁၈၇၃၃၂]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ် ဒေါ်ထက်ထက်ခိုင် (တရားလွှတ်တော်ရှေ့နေ)ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်ခိုင် LL.B.,D.IP.L.,Advocate တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၁၇/၂၇-၁-၂၀၂၁)**
**အမှတ်-၅၅၊ အခန်းအမှတ်-၂၆၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-5161186, 09-250060731**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကမဏ္ဍိုင်ကြီး ၃ ခုဖြစ်သည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးနှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာတို့ ဟန်ချက်ညီရန် အရေးကြီး...**

❖ **မီဒီယာသည် မဏ္ဍိုင်ကြီး ၃ ခုကို မယိမ်းယိုင်စေရေး တည့်မတ်ပေးသည့် မဏ္ဍိုင်တစ်ခုပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



## ဆည်တော်ကြီးရေလှောင်တမံမှ နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများကို စိုက်ပျိုးရေပေးဝေသည့်အပြင် လျှပ်စစ်ထုတ်လုပ်မှုကိုလည်း ဆောင်ရွက်ပေးနေ

**မန္တလေး စက်တင်ဘာ ၇**

ဆည်တော်ကြီးရေလှောင်တမံသည် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်အတွင်းရှိ မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် အမရပူရခရိုင်အတွင်းရှိ အမရပူရမြို့နယ်သို့ နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများကို စိုက်ပျိုးရေပေးဝေလျက်ရှိသည့်အပြင် လျှပ်စစ်ထုတ်လုပ်မှုအတွက်လည်း ဆောင်ရွက်ပေးနေကြောင်း မန္တလေးတိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူးရုံး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ရေလှောင်တမံသည် နှစ်စဉ်စိုက်ပျိုးရေများ ပေးဝေလျက်ရှိသည့်အပြင် လျှပ်စစ်ထုတ်လုပ်မှုအတွက် ၁၂ ဒသမ ၅ မဂ္ဂါဝပ်စွမ်းအားရှိသော Generator နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှကီလိုဝပ် နာရီ သန်းပေါင်း ၁၁၀ ခန့် ထုတ်လွှတ်နေသည့် ဘက်စုံရေလှောင်တမံတစ်ခုအဖြစ် ဆောင်ရွက်ပေးနေကြောင်း၊ ယင်းဆည်တော်ကြီးရေလှောင်တမံမှ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် နွေစပါး ၆၉၃၂၇ ဧကနှင့် အခြားသီးနှံ ဧက ၄၁၄၀ စုစုပေါင်း ၇၃၄၆၇ ဧကကို စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်ခဲ့ပြီး စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❂

**ယနေ့ ဖတ်စရာ**



ဂျပန်နိုင်ငံက X-ray ဂြိုဟ်တုနှင့် လဆင်းယာဉ် တင်ဆောင်သည့် H2A ဒုံးပျံတစ်စင်း အောင်မြင်စွာ လွှတ်တင်

စာမျက်နှာ » ၁၃

---

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ် အရေးယူ

စာမျက်နှာ » ၁၄

## မြန်မာ့လက်ရွေးစင်အသင်းနှင့် နီပေါလက်ရွေးစင်အသင်း ယနေ့ ခြေစမ်းမည်

**ရန်ကုန် စက်တင်ဘာ ၇**

စက်တင်ဘာနိုင်ငံတကာ ရက်သတ္တပတ်တွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် နီပေါလက်ရွေးစင်အသင်းတို့ ခြေစမ်းကစားမည်ဖြစ်ပြီး ပထမခြေစမ်းပွဲကို စက်တင်ဘာ ၈ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် နီပေါလက်ရွေးစင်အသင်းသည် ခြေစမ်းပွဲနှစ်ပွဲ ကစားမည်ဖြစ်ပြီး နှစ်ပွဲစလုံး သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာလတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး နှစ်ပေါင်းအနည်းငယ်အကြာတွင် အိမ်ကွင်း၌ ခြေစမ်းပွဲ ပြန်လည်ကစားခြင်းဖြစ်သည်။ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❍



မြန်မာ့လက်ရွေးစင်အသင်း ကစားသမားများကို တွေ့ရစဉ်။